ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ တနလင်္ဂနေ့။ Monday, 21 November 2022 ၁၀၉၂ဖ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

စလင်းမြို့နယ်၌ ဝါစိုက်တောင်သူများ ဝါပွင့်များ စတင်ဆွတ်ခူး၊ ဝါစျေးကောင်းရရှိ

စလင်း နိုဝင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ငွေချည် ဝါစိုက်တောင်သူများ၏ ယခုနှစ် မိုးရာသီစိုက် ဝါသီးနှံများ စတင်၍ ဝါကောက်(သို့)ဆွတ်ခူးနေပြီဖြစ်သည်။

စလင်းမြို့နယ်အတွင်းရှိ အင်ကြင်းပင်လှကျေးရွာ တောင်သူအများစုသည် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံတို့ကို စိုက်ပျိုးကြရာမှ ဝါစိုက်ပျိုးရေးလုပ်ငန်းကို ယခုနှစ် ပိုမိုလုပ်ကိုင်လာကြသည်။ အင်ကြင်းပင်လှကျေးရွာမှ တောင်သူ ဦးဝေလု၊ ဒေါ်ပပလှိုင် စိုက်ပျိုးထားသည့် ဝါစိုက်ဧက သုံးဧကမှ စတင် ဆွတ်ခူးနေပြီး စတင်စိုက်ပျိုးရက်မှ ဆွတ်ခူးချိန်အထိ လေးလကျော် ကြာမြင့်ကြောင်း၊ ယခုနှစ်တွင် ချည်မျှင်ရှည်ဝါ တစ်ပိသာကို ငွေကျပ် ၃၀၀၀ ပေါက်ဈေးရရှိပြီး ပြီးခဲ့သည့်နှစ်က တစ်ပိသာကို ငွေကျပ် ၂၇၀၀ မှ ၃၀၀၀ အထိ ရောင်းချရကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

ဖွံ့ဖြိုးတိုးတက်မှုအမြင်နှင့် အလှမ်းဝေးနေသော လူကုန်ကူးမှု ဆိုင်ရာ ထုတ်ပြန်ချက်

စာမျက်နှာ » ၆

ရာသီဥတုဘေးသင့် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေ တစ်ရပ်ထူထောင်ရန် ကုလသမဂ္ဂ COP27 ရာသီဥတုညီလာခံ၌ သဘောတူညီ

စာမျက်နှာ » ၁၃

ဓာတ်ခွဲနမူနာစုစုပေါင်း ၆၀၆၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

စာမျက်နှာ » ၂၂

ကမ္ဘာ့ဈေးကွက်

တစ်လုံး၊ နှစ်လုံး၊ သုံးလုံး

စာမျက်နှာ » ၂၀

လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

စာမျက်နှာ » ၂၁

အရှေ့တောင်အာရှရှိ တတိယအကြီးဆုံးအိုင်သို့ ဆောင်းခိုငှက်မျိုးစိတ် ၁၉ မျိုးတွင် ရေပျော်ငှက်ကောင်ရေ ၉၆၀ ကျော် စတင်ဝင်ရောက်နားခို

ရန်ကုန် နိုဝင်ဘာ ၂၀

အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးအိုင်ဖြစ်သော ကချင်ပြည်နယ် မိုးညှင်းခရိုင်ရှိ အင်းတော်ကြီးအိုင်သို့ အောက်တိုဘာလကုန်ပိုင်းမှ စ၍ ကမ္ဘာ့မြောက်ခြမ်းမှ ဆောင်းခိုငှက်များ စတင်ဝင်ရောက်ခဲ့ရာ ယခုနိုဝင်ဘာလ ဆောင်းရာသီသို့ ဝင်ရောက်လာချိန်တွင် ကမ္ဘာ့ရှားပါးရေပျော်ငှက် အပါအဝင် ဆောင်းခိုငှက်မျိုးစိတ် ၁၉ မျိုး ဝင်ရောက်လျက်ရှိပြီး ရေပျော်ငှက်ကောင်ရေ ၉၆၆ ကောင် ဝင်ရောက်နားခိုကျက်စားလျက်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဆောင်းဦးရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၂၀ တွင် ရေပျော်ငှက် ၉၇၀ ကျော် ဝင်ရောက်ခဲ့ပြီး ယခုနှစ်ဆောင်းဦးရာသီ၌ ရေပျော်ငှက်ဝင်ရောက်မှု အနည်းငယ် လျော့ကျသော်လည်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနှင့် အင်းတော်ကြီးကန်၏ ရေသယံဇာတနှင့် သစ်တောဧရိယာ ထိန်းသိမ်းထားမှုကြောင့် ဆောင်းခိုငှက်များ ဆက်လက်ဝင်ရောက်လျက်ရှိသည်။

ဝင်ရောက်ကျက်စား

အင်းတော်ကြီးအိုင်သို့ ကမ္ဘာ့မြောက်ခြမ်းမှ ဆောင်းခိုရေပျော်ငှက်များဖြစ်သော ခရုစုတ်အနက် ကောင်ရေ ၂၀၀ ခန့်၊ ခရုတုတ် ကောင်ရေ ၃၀ ကျော်၊ တလိုင်းလေးကောင်ရေ ၂၀ ခန့်၊ ရေကြက်ဒုံကောင်ရေ ၉၀ ခန့်၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



ကြေးမုံ

သင်္ဂီတရား လေးပါးနှင့်အညီ

သူတစ်ပါးအား ချီးမြှောက်ခြင်းကို " သင်္ဂီတ" တရားဟုခေါ်ပါသည်။ သင်္ဂီတတရားတွင် ဒါန၊ ပေယျဝဇ္ဇ၊ အတ္ထစရိယာနှင့် သမာနတ္တတာဟူ၍ လေးပါးရှိသည်။ ဤသင်္ဂီတတရားလေးပါး ထွန်းကားမှသာ လောကကြီးသည်ငြိမ်းချမ်းသာယာဝပြောမည်ဖြစ်သည်။ အခြေအနေအားလျော်စွာ သင်္ဂီတတရားတို့ကို ကျင့်သုံးသော ပုဂ္ဂိုလ်တို့သည် ကြီးပွားချမ်းသာကြသည်။ လူတစ်ဦးနှင့်တစ်ဦးဆက်ဆံကြရာတွင် ဤသင်္ဂီတတရားများသည် အလွန်အရေးကြီးသောတရားများဖြစ်သည်။

သင်္ဂီတတရား လေးပါး၏ အနက်အဓိပ္ပာယ်မှာ ဒါန– ဝတ္ထုပစ္စည်းပေးအပ်၍ ပေးကမ်းထောက်ပံ့ခြင်းဖြင့် ချီးမြှင့်ခြင်းဖြစ်သည်။ ပေယျဝဇ္ဇ – လူအများနှင့်ဆက်ဆံပြောဆိုရာတွင် နားဝင်ချိုသာသည့် အခေါ်အဝေါ် အသုံးအနှုန်းဖြင့် ပြောဆိုဆက်ဆံခြင်းဖြစ်သည်။ အတ္ထစရိယာ – သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်းဖြစ်သည်။ သမာနတ္တတာ – ကိုယ်နှင့်ထပ်တူ ပြုမူဆက်ဆံခြင်းဖြင့် ချီးမြှင့်ခြင်းဖြစ်သည်။ ဤသင်္ဂီတတရားများသည် မဂ်လာတရားတော်လာ ကောင်းသောအမှုပြုလုပ်မှုဖြစ်သည်။ မဂ်လာတရားတော်ပါ ကတည်တာစ – သူပြုဖူးသောကျေးဇူးကို အသိအမှတ်ပြုရုံသာမက ကျေးဇူးကိုသိ၍ ပြန်လည်ပေးဆပ်ခြင်းဖြင့်လည်း ချီးမြှောက်ခြင်းတို့သည် လောကမဂ်လာတရားများဖြစ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း၊ ကျေးဇူးရှိသူကို ကျေးဇူးပြုခြင်း၊ ခွင့်လွှတ်သင့်သူတို့အား ခွင့်လွှတ်ခြင်းစသည့် မဂ်လာအမှုတို့အား ဖြည့်ဆည်းပေးနေသည်ကို တွေ့ရပေသည်။ နိုင်ငံတော်ကို အုပ်ချုပ်သော အစိုးရအဆက်ဆက်တို့၏ အစဉ်အလာအတိုင်း နိုင်ငံတော်၏ အရေးပါသည့် နေ့ကြီးရက်ကြီးများဖြစ်သော လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့တို့တွင် နိုင်ငံတော်အကျိုးကို စွမ်းစွမ်းတမံထမ်းရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ယခုအခါ ယခင်ခေတ်ကာလများနှင့်မတူ ထူးခြားသည်မှာ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်လေ့ရှိသည့် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့များတွင်သာမက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါပြီး မဂ်လာရှိသည့်နေ့တစ်နေ့ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့တွင် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်နိုင်ခဲ့ပေသည်။

ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာကြိုးပမ်းကြသည့်ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် အဆင့်မီအောင်မြင်စွာ ဖန်တီးစွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားစွာတတ်မြောက်ခဲ့သည့် ပုဂ္ဂိုလ်များအား ချီးမြှောက်ရမည်ဟူသည့် ဘွဲ့ထူး၊ ဂုဏ်ထူးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် သင်္ဂီတတရား၏အနှစ်သာရကို ဖော်ဆောင်ခဲ့သည်မှာ မတူကွဲပြားသူများကိုလည်း ပစ်ပယ်မထားဘဲ အလေးထားဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့တွင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ရာ၌ ယခင်အစိုးရလက်ထက်က ဘွဲ့တံဆိပ်ရရှိရန် အရည်အချင်းနှင့်ကိုက်ညီပြီး ကျန်ရစ်နေသည့် ပုဂ္ဂိုလ်များအား စိစစ်ရွေးချယ်ပေးခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူပုဂ္ဂိုလ်များအား ချီးမြှင့်ရာ၌ ခွဲခြားဆက်ဆံခြင်းမရှိဘဲ မွန်မြတ်သောစိတ်ထားဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရပေသည်။ မည်သည့်အစိုးရလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့သည်ဖြစ်စေ၊ မည်သည့်ပါတီဝင်ဖြစ်ခဲ့သည်ဖြစ်စေ၊ မည်သူ၏ လူပုဂ္ဂိုလ်ဖြစ်ခဲ့သည်ဖြစ်စေ ပုဂ္ဂလခံယူချက်မပါဘဲ တိုင်းပြည်အကျိုးကို ရှေးရှုခဲ့ပေသည်။

မတူကွဲပြားသော်လည်း ကိုယ်နှင့်ထပ်တူ ပြုမူဆက်ဆံသည်မှာ သင်္ဂီတတရားနှင့်ညီပါပေသည်။ မည်သည့်ဘက်တွင် မည်သို့ရပ်တည်သည်ဖြစ်စေ တိုင်းပြည်အတွက်၊ နိုင်ငံတော်အတွက် မည်မျှထမ်းရွက်ခဲ့သည်ကိုသာ ဦးစားပေးသည့်မူဝါဒမှာ မွန်မြတ်ပေသည်။ နိုင်ငံတော်အစိုးရက မဂ်လာတရားတော်နှင့်အညီ ဆောင်ရွက်နေသော်လည်း မုဒိတာမပွားနိုင်ဘဲ ဝေဖန်ပြောကြားနေကြသူများလည်းရှိပေသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များ၊ ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူများ၊ အသိအမှတ်ပြုသင့်ပြုထိုက်သူများအား သင်္ဂီတတရားနှင့်အညီ ကောင်းမြတ်သောအစဉ်အလာတစ်ရပ်အဖြစ် ဆောင်ကြဉ်းပေးနေခြင်းဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ မုံခွန်း ဝိစစ်စတန်အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်၏ နေရာတွင် မစ္စတာ မုံခွန်း ဝိစစ်စတန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မုံခွန်း ဝိစစ်စတန်ကို ၁၉۷၇ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ သမားဆတ်တက္ကသိုလ်မှ နိုင်ငံတကာရေးရာဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

မစ္စတာ မုံခွန်း ဝိစစ်စတန်သည် ၁၉၉၁ ခုနှစ်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သံအရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟန္ဒိုင်းမြို့ ထိုင်းနိုင်ငံသံရုံး၊ အိုဆာကာမြို့ ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့် ပေကျင်းမြို့ ထိုင်းနိုင်ငံသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ထိုင်းနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မုံခွန်း ဝိစစ်စတန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

သတင်းစဉ်

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

စာတည်းမှူးချုပ်	– ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	– ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	– ဦးဝင်းနိုင်		
စာတည်းများ	– ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အင်ယတန်း သတင်းထောက်များ**	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာပြင်**	– ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာတည်းများ		**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	– **ဦးကျော်စွာလင်းနှင့်အဖွဲ့**
		အီးမေးလ်နှင့် အွန်လိုင်း	– ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၇၃၃၅

ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ Stavropol Region ရှိ

အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် လေအားလျှပ်စစ်စက်ရုံများသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၉ ရက်တွင် Stavropol Region အတွင်းရှိ Barsuchkovskaya အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် Kochubeevskaya WPP လေအားလျှပ်စစ်စက်ရုံများသို့ သွားရောက်လေ့လာကြသည်။

သိရှိလိုသည်များ မေးမြန်း

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် Barsuchkovskaya အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဓာတ်အားပေးစက်ရုံအကြောင်းနှင့် စက်ရုံလည်ပတ်ဆောင်ရွက်နေမှုများအား တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းကြသည်။

အဆိုပါ Rosatom ကုမ္ပဏီမှဆောင်ရွက်ထားသော Barsuchkovskaya အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ Stavropol Region တွင် တည်ရှိပြီး Stavropol တူးမြောင်းကြီး တစ်လျှောက်တွင် ဓာတ်အားပေးစက်ရုံ ၁၁ ရုံအားဆင့်ကဲ (Cascade) တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ စက်ရုံကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့ပြီး တပ်ဆင်အင်အားမှာ 5.25 MW ဖြစ်ကာ ဓာတ်အားစနစ်အတွင်းသို့ 35 KV ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ဓာတ်အားပို့လျက်ရှိသည်။ ဓာတ်အားပေး ၁၁ ရုံ၏ တပ်ဆင်အင်အားမှာ 481.8 MW ဖြစ်ကြောင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို အကျိုးရှိစွာ တူးမြောင်းတစ်လျှောက် ဆောက်လုပ်ထားကြောင်းတွေ့ရှိရသည်။ ကုမ္ပဏီအနေဖြင့် ရေအရင်းအမြစ် ပေါကြွယ်ဝသော မြန်မာနိုင်ငံတွင်လည်း လာရောက်ပူးပေါင်းရင်းနှီးမြှုပ်နှံဆောင်ရွက်လိုကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် Kochubeevskaya WPP လေအားလျှပ်စစ်စက်ရုံသို့ သွားရောက်၍ စက်ရုံဧရိယာအတွင်း တည်ဆောက်တပ်ဆင်ထားရှိသည့် လေအားလျှပ်စစ်ဆိုင်ရာ တည်ဆောက်ထားရှိမှု၊ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုလေ့လာကြရာ စက်ရုံမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါ Rosatom ကုမ္ပဏီမှဆောင်ရွက်ထားသော Kochubeevskaya WPP လေအားလျှပ်စစ်စက်ရုံမှာ Stavropol Region တွင်တည်ရှိပြီး ၂၀၂၁ ခုနှစ် ဧနီနဝါရီလမှစတင်၍ လည်ပတ်မောင်းနှင်ခဲ့သည်။ Wind Turbines ပေါင်း ၈၄ တိုင်ရှိပြီး တစ်တိုင်လျှင် 2.5 MW ရှိ၍ စုစုပေါင်းတပ်ဆင်အင်အားမှာ 210MW ဖြစ်ပြီး တစ်နှစ်လျှင် ယူနစ်သန်းပေါင်း ၆၀၀ ခန့်အား ထုတ်လုပ်လျက်ရှိပြီး ဓာတ်အားစနစ်အတွင်းသို့ 330 KV ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ဓာတ်အားပို့လျက်ရှိသည်။ ဧက ၁၆၀ အကျယ်အဝန်းတွင် တည်ဆောက်ထားရှိပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုငွေပမာဏမှာ ရုရှား ရူဘယ် ၂၈ ဘီလီယံခန့်ဖြစ်ကြောင်း သိရသည်။ တာဝါတိုင် တစ်တိုင်၏အမြင့်မှာ မီတာ ၁၅၀ ရှိပြီး တာဝါတိုင် Blade မှာ မီတာ ၅၀ ရှိကာ စုစုပေါင်း အလေးချိန်မှာ တန် ၃၂၀ ဖြစ်သော်လည်း တည်ဆောက်တပ်ဆင်ရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ကြောင်းနှင့် ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူးစိတ်ဝင်စားကြောင်း သိရသည်။ **သတင်းစဉ်**

လားရှိုးမြို့ဒေသထွက်ကုန်များ ထုတ်လုပ်နေမှုကွင်းဆင်းကြည့်ရှု

လားရှိုး နိုဝင်ဘာ ၂၀

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အားပေးဆောင်ရွက်နေသည့်အချိန်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ဒေသထွက်ကုန်များထုတ်လုပ်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လားရှိုးမြို့ ဟုန်ဖေမုန့်တိုက်သို့ သွားရောက်ကြည့်ရှုကြသည်။

သွားရောက်ကြည့်ရှု

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် "Swel Hein " သစ်စက်မှ ပိတောက်၊ ကျွန်းတို့ဖြင့် အိမ်သုံးပရိဘောဂပစ္စည်းများ၊ ဒေသသုံးပစ္စည်းများ၊ ပိတောက်ရောင်တုံးခွဲသားများ၊ Export ထုတ်လုပ်ခြင်းနှင့် သစ်ခွဲသားအပိုင်းအစများကို Value added များ ထုတ်လုပ်ရောင်းချလျက်ရှိပြီး ပရိဘောဂအချောထည်ပစ္စည်းများ၊ ပါကေးနှင့် T & G လျှာထိုးကြမ်းခင်း၊ တံခါးရွက်၊ ကျည်းပေါင်နှင့် ပြတင်းတံခါးများ၊ ကွန်ပျူတာပန်းထိုး ပန်းချီကားများ၊ ဆိုင်းဘုတ်များ၊ လက်မှုအနုပညာပန်းပုရုပ်များ၊ မျက်နှာကြက်ဇလီအမျိုးမျိုး၊ လှေကား၊ လက်ရန်း၊ လက်တန်းအမျိုးမျိုး၊ Finger Joint အချောထည်ပစ္စည်းများ၊ သစ်ခွဲသားများ ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် Furniture Paint Roo ၊ ကွန်ပျူတာထိန်းချုပ်ပုံဖော်စက်ခန်း၊ ပရိဘောဂအချောထည် ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ၛင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကိုးလေးလုံး အုတ်စက်ရုံ ထုတ်လုပ်နေမှုနှင့် ဆင်နှစ်ကောင် ဖယောင်းတိုင်စက်ရုံနှင့် ယုံရှင်းလေယာဉ်ပျံ ဆန်ခေါက်ဆွဲစက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ ဆောင်ရွက်လျက်ရှိသည့် တွံတေးမြို့နယ် ကွင်းပေါက်ကျေးရွာမှ ခရမ်းဝကျေးရွာအထိ ကုန်ထုတ်လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းကျင်းနေမှု၊ ကွင်းပေါက်-ခရမ်းဝ ကားလမ်းဘေး ကွန်ကရစ်ဖျော်စက်တည်ဆောက်ထားရှိမှု၊ ဒလမြို့နယ် ဆိပ်ကြီးတံတားမှ မြဝတီမင်းကြီးလမ်းအထိ ဒလ-တွံတေးကားလမ်းမ လမ်းဘေးဝဲ/ယာ ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းနေမှု၊ ဒလ-တွံတေးလမ်းနှင့် ဗိုလ်တေဇ လမ်းထောင့်အနီး သန့်ရှင်းသာယာရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘုရင့်နောင်ရပ်ကွက် ဆင်ဖြူရှင်လမ်း ကွန်ကရစ်ခင်းကျင်းနေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြည့်ဆည်းဆောင်ရွက်

ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က လုပ်ငန်းခွင်အတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ ဆောင်ရွက်ရန်၊ လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာ သပ်ရပ်ရေး၊ မြောင်းဖုံးပေါ်ရှိ ကျူးကျော်နေအိမ်များ ဖယ်ရှားရေးနှင့် အမှိုက်ကန်များကို စနစ်တကျ ထားရှိရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ခရမ်းဝရွာမှ ကွင်းပေါက်ရွာအထိ အရှည် ၄ ဒသမ ၀၂၈ မိုင် မြေသားလမ်းကို အောက်ခံဒုခြောက်လက်မအပေါ် ရှစ်လက်မ ဒုဖြင့် ကွန်ကရစ်ကုန်ထုတ်လမ်းခင်းကျင်းနေခြင်း ဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်းခင်းကျင်းပြီးစီးပါက တွံတေးမြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေး၊ ဆန်၊ စပါးနှင့် ငါးမွေးမြူးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်း၊ ခရမ်း၀-ကွင်းပေါက် ကုန်ထုတ်လမ်းမ အနီးတွင် တည်ဆောက်ထားသည့်ကွန်ကရစ်ဖျော်စက်မှာ တစ်နာရီလျှင် ၁၆ ကုဗမီတာ ထုတ်လုပ်နိုင်ကြောင်း၊ ဒလမြို့နယ် ဒလ- တွံတေးကားလမ်းမပေါ်ရှိ ဆိပ်ကြီးတံတားနှင့် မြ၀တီမင်းကြီးလမ်း အကြားတွင် လမ်းဘေးဝဲ/ယာ အရှည်ပေ ၄၁၀၀၊ အကျယ် တစ်ဖက် ၁၅ ပေ၊ ၃ ကိုးလက်မဖြင့် ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းနေခြင်း ဖြစ်ကြောင်းနှင့် ဘုရင့်နောင်ရပ်ကွက် ဆင်ဖြူရှင်လမ်းကို အရှည်ပေ ၁၉၀၀၊ အကျယ် ၂၄ ပေ၊ ၃ ကိုးလက်မ ကွန်ကရစ်ခင်းကျင်းနေခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကလေးသူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်ခြင်းကြောင့် ကလေးသူငယ်အခွင့်အရေး(၄)ရပ်ကို အလေးထားဂရုစိုက်ပြီး ကလေးများအတွက် ပိုမိုကောင်းမွန်ပြီး လုံခြုံစိတ်ချရသည့် အနာဂတ်တစ်ခု ဖန်တီးပေးရမည်

နေပြည်တော် နိုဝင်ဘာ ၂၀

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့)အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်တက်ရောက်၍ ဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ INGOs/NGOs များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး UNCRC ပါ ကလေးသူငယ်အခွင့်အရေးများကို Focal Ministry အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မသန်စွမ်းကလေးသူငယ်များ၊ အရွယ်မတိုင်မီ အလုပ်လုပ်နေရသော ကလေးများ၊ ရွှေ့ပြောင်းကလေးများ၊ လူကုန်ကူးခံရသော ကလေးများ၊ ရင်ခွင်မဲ့ကလေးများ၊ လမ်းပေါ်နေ ကလေးများ၊ ဥပဒေနှင့်ရင်ဆိုင်နေရသော ကလေးများ စသည့်ကလေးသူငယ် အမျိုးအစားအားလုံး အကျိုးဝင်စေရေးအတွက် စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များ အပေါ် ကျူးလွန်ခံရသည့် အခွင့်အရေးချိုးဖောက်မှုများ၊ သက်ငယ်မုဒိမ်းမှု၊ ကျား/မ အခြေပြု အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး ကာယကံရှင် ကိုယ်တိုင်သော်လည်းကောင်း၊ သိရှိသူပြည်သူများက လည်းကောင်း ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော Help Line နံပါတ် ၁၅၆၆ သို့ ယုံကြည်စွာ တိုင်ကြားနိုင်ပြီး တိုင်ကြားသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကိုအထူးအလေးထား လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **"Inclusion, For Every Child" "အားလုံးအကျုံးဝင်ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက် ဆောင်ရွက်စို့"**ဖြစ်ပြီး အားလုံးပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလှုံ့ဆော်ထားခြင်းဖြစ်ကြောင်း၊ ကလေးသူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်ခြင်းကြောင့် အခြေခံကျသည့် အသက်ရှင်သန်ခွင့် (Survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့် (Development)၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့် (Protection)နှင့် ပါဝင်ဆောင်ရွက်ခွင့် (Participation)စသည့် ကလေးသူငယ် အခွင့်အရေး(၄)ရပ်ကို အလေးထားဂရုစိုက်

ပြီး ကလေးများအတွက် ပိုမိုကောင်းမွန်ပြီး လုံခြုံစိတ်ချရသည့် အနာဂတ်တစ်ခု ဖန်တီးပေးရမည်ဖြစ်ကြောင်းနှင့် ကလေးသူငယ်များ၏ မွေးရာပါ အခွင့်အရေးမဆုံးရှုံးစေရန်၊ ကလေးသူငယ် အခွင့်အရေးများကို ကလေးမိဘများ၊ ကလေးများနှင့် ပြည်သူလူထုတစ်ရပ်လုံး သိရှိရန်နှင့် ကလေးတိုင်းလက်လှမ်းမီ တန်းတူညီတူရရှိနိုင်ရန်အတွက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအသီးသီးကနေ စဉ်ဆက်မပြတ် ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

အခမ်းအနားတွင် ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်သည့် ဗီဒီယိုကိုပြသပြီး နေပြည်တော် ကလေးပြုစုရေးဌာနနှင့် နေပြည်တော် မူလတန်းကြို ကျောင်းများရှိကလေးငယ်များက တေးသရုပ်ဖော်များ ဖြင့် တင်ဆက်ကပြကြကာ ပြည်ထောင်စုဝန်ကြီးက ကလေးငယ်များကို ဆုများချီးမြှင့်ခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသော ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာစာချုပ်အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည့်ရက်ကို ဂုဏ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက နိုဝင်ဘာ ၂၀ ရက်ကို World Children's Day အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် UNCRC ကို ၁၉၉၁ ခုနှစ် သြဂုတ် ၁၅ ရက်တွင် အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့သည်မှာ (၃၃)နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကလေးသူငယ်များသည် မိမိတို့နိုင်ငံ အနာဂတ်၏ လူစွမ်းအားအရင်းအမြစ်များ ဖြစ်သည်နှင့်အညီ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်

မုံရွာ နိုဝင်ဘာ ၂၀

(၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်၍ မြန်မာနိုင်ငံတွင် ကလေးသူငယ်များကို ရတနာသဖွယ် သတ်မှတ်ပြီး ချစ်ခင်မြတ်နိုးကာကွယ် စောင့်ရှောက်လျက်ရှိသည့် အစဉ်အလာနှင့်အညီ ကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားနှင့် ကလေးများအတွက် အကောင်းဆုံးပတ်ဝန်းကျင်ရရှိရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးသည် ကလေးသူငယ်များ

ကို အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ကနေ ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း။

ကလေးသူငယ်များသည် မိမိတို့နိုင်ငံ အနာဂတ်၏ လူစွမ်းအားအရင်းအမြစ်များ ဖြစ်သည်နှင့်အညီ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် မုံရွာမူလတန်းကြို ကျောင်းမှ ကလေးငယ်များက ပန်းကောက်တေးသီချင်းဖြင့် ကပြဖျော်ဖြေပြီး ပုံပြင်၊ ကဗျာ သီချင်းပြိုင်ပွဲများတွင် ဆုရကလေးငယ်များက သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပုံပြင်၊ ကဗျာပြိုင်ပွဲများတွင် ပထမဆုရရှိသော ကလေးငယ်များအားလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဒုတိယဆုရရှိသော ကလေးငယ်များအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက တတိယဆုရရှိသော ကလေးငယ်များအားလည်းကောင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာကြသော ကလေးငယ်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ

ဘားအံ နိုဝင်ဘာ ၂၀

"အားလုံးအကျုံးဝင် ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက် ဆောင်ရွက်စို့"ဆောင်ပုဒ်ဖြင့် (၃၃)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကလေးများ၏ အကျိုး

စီးပွားကို ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက်ရောက်လာကြသည့် ရင်သွေးငယ်ကလေးများက ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ပြသခြင်းကို ကြည့်ရှုအားပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှု မူလတန်းကြို ကျောင်းပေါင်းစုံ ဆေးရောင်ခြယ်ပြိုင်ပွဲ(အင်ယော်ဆင့်)တွင် ဆုရရှိကြသည့် ရင်သွေးငယ်များအား လည်းကောင်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက ကမ္ဘာ့ကလေးများနေ့အကြိုလှုပ်ရှားမှု မူလတန်းကြို ကျောင်းပေါင်းစုံ ဆေးရောင်ခြယ်ပြိုင်ပွဲ(အင်ယော်ဆင့်)တွင် ဆုရရှိကြသည့် ရင်သွေးငယ်များ၊ ဌာနတွင်း၊ ပုဂ္ဂလိကနှင့် ကိုယ့်အားကိုယ်ကို မူလတန်းကြို ကျောင်းများမှ တေးသရုပ်ဖော်များ ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည့် ရင်သွေးငယ်များအား ကရင်ပြည်နယ်အစိုးရ အဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ရင်သွေးငယ်များအား လက်ဆောင်ပစ္စည်းများပေးအပ်ကာ ကမ္ဘာ့ကလေးများနေ့အကြိုလှုပ်ရှားမှု ပြဘုတ်အား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် နေကြာစိုက်ခင်းကိုအားပေးကြည့်ရှု၍ ကြက်ချေး၊ ဖွဲ သဘာဝဇီဝဓာတ်မြေသြဇာလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေကြာစိုက်ခင်းစတင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးပြီး Natural Clay စက်ရုံ၏ ကြက်ချေး၊ ဖွဲသဘာဝဇီဝဓာတ်မြေသြဇာလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် ဥတိုကျေးရွာရှိ တောင်သူ ဦးတင်လှ၏ အထွက်ကောင်းမျိုးများဖြစ်သည့် ရေဆင်း(၁) စပ်မျိုးနေကြာသီးနှံစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးမြင့်ဆွေက မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၅၅ အုပ်စုတွင် ဧက ၂၅၀၀ စိုက်ပျိုးမှုအပါအဝင် တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်တွင် ၈၄၆၅ ဧက လျာထားစိုက်ပျိုးနေမှုနှင့် တောင်သူ ဦးတင်လှက ၁၄ ရက်သားရှိ နေကြာသီးနှံ ငါးဧက စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်တွင်ဘ၍စားသုံးဆီဖုလုံစွာရရှိရေး နေကြာသီးနှံစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်ရန်လိုအပ်ကြောင်း၊ နေကြာမျိုးစေ့များသည် အထွက်ကောင်း မျိုးများဖြစ်ပြီး တန်ဖိုးမြင့်မား၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးအဖွဲ့များက ကူညီပေါင်းစပ်ပေးရန်နှင့် နွေစပါးအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေး၍ စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်ဘီမြို့နယ် သံဒေပင်ကျေးရွာရှိ Natural Clay စက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ဂျပန်နည်းပညာရှင်များကိုယ်တိုင်ဦးစီးပြီး သဘာဝမြေသားစစ်စစ်ဖြစ်ထုတ်လုပ်ထားသော အုတ်ကြွေပ်မိုးပြားများ၊ ကြမ်းခင်းပြားများ၊ နံရံကပ်ပြားများထုတ်လုပ်နေမှု၊ ငါး၊ ပုစွန်မွေးမြူရေးကန်များအတွင်း ၎င်းတို့၏ စွန့်ပစ်အညစ်အကြေးများနှင့် ကန်အတွင်းရှိ ၎င်းတို့သေဆုံးသွားပါက အကျိုးပြုအဏုဇီဝပျော်ရည်ဖြင့် သန့်ရှင်းစေသည့် ဆေးထုတ်လုပ်နေမှု၊ ကြက်ချေး၊ ဖွဲဖြင့်သဘာဝဇီဝမြေသြဇာထုတ်လုပ်နေမှုလုပ်ငန်းများနှင့် စျေးကွက်သို့ စတင်ဖြန့်ချိနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူတန်းစားအလွှာမျိုးစုံ ဝယ်ယူအသုံးပြုနိုင်ရေးထုတ်လုပ်ရန်၊ စိုက်ပျိုးတောင်သူများ၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုပြောကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ချင်းပြည်နယ်သည် သဘာဝတောတောင်အလှအပများပိုင်ဆိုင်ထားသည့်အတွက် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးလာစေရေး ပူးပေါင်းဆောင်ရွက်

ဟားခါး နိုဝင်ဘာ ၂၀

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် မတူပီမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မာရာနှစ်ခြင်းဘုရားကျောင်း ကျောက်စီမြေထိန်းနံရံဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

လုပ်ငန်းရှင်များကိုဖိတ်ခေါ်

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းတပ်မြို့ နယ်မြေခံတပ်ရင်းခန်းမတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများသည် အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်ရန် အရေးကြီးကြောင်း၊ ချင်းပြည်နယ်သည် သဘာဝတောတောင်အလှအပများ ပိုင်ဆိုင်ထားသည့် ပြည်နယ်ဖြစ်သည့်အတွက် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပလက်ဝမြို့နယ်မြေခံတပ်ရင်းခန်းမတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပြည်သူအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်

မကွေး နိုဝင်ဘာ ၂၀

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မကွေးမြို့တော်ခန်းမတွင် ကျင်းပသည်။

ကလေးသူငယ်များအကျိုးဖော်ဆောင်

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတော်အစိုးရ အနေဖြင့် ကလေးသူငယ်များ အကျိုးကို ဖော်ဆောင်နိုင်ရန် အမျိုးသားအဆင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းထားကြောင်း၊ ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ရှေးရှုပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မိဘအုပ်ထိန်းသူများအပါအဝင် ပြည်သူ့အားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ကလေးသူငယ်ကိစ္စရပ်များ ဖြစ်ပွားပါက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့် အပြင် ကုလသမဂ္ဂသဘောတူ စာချုပ်ပါ ကလေးသူငယ်များ၏ အခွင့်အရေးများဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် စသည့် အခွင့်အရေးများကို အစိုးရ တစ်ခုတည်းသာမက လူမှုရေး အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်သော ရင်သွေးငယ်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

ရပ်စောက်မြို့နယ် ရွှေချင်းစိမ်းမျိုးစေ့ထုတ်သမဝါယမအသင်းက မျိုးကောင်းမျိုးသန့်ချင်းများ စိုက်ပျိုး

ရပ်စောက် နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အလည်ချောင်ကျေးရွာအုပ်စု တောယားကျေးရွာရှိ ရွှေချင်းစိမ်းမျိုးစေ့ထုတ်သမဝါယမအသင်းက အသင်းသားပိုင်မြေ ဧက ၁၀၀ ပေါ်တွင် အရည်အသွေးကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်ချင်း(ဂျင်း)များ စိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် ပျမ်းမျှ ချင်းပိသာချိန် ၃၀၀၀ မှ ၃၅၀၀ ကြား ထွက်ရှိနိုင်သည်။

ချင်း(ဂျင်း)များထွက်ရှိပါက မြို့နယ်သမဝါယမအသင်းစုများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့်ချိတ်ဆက်၍ သမဝါယမလမ်းကြောင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှုပ ကြည်နူးရ၏။

ဖွံ့ဖြိုးတိုးတက်မှုအမြင်နှင့် အလှမ်းဝေးနေသော လူကုန်ကူးမှုဆိုင်ရာ ထုတ်ပြန်ချက်

ကမ္ဘာလုံးဆိုင်ရာ အချို့ကိစ္စရပ်များဟာ ပူးပေါင်းဆောင်ရွက်သင့်တဲ့အရာဆို ပူးပေါင်းဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ မပူးပေါင်းလို့မရပါဘူး။ ဒီအချက်ကို မျက်ကွယ်ပြုပြီး ပူးပေါင်းဆောင်ရွက်ရမယ့်အစား ဝိတ်ဆို့ဖို့၊ ဖြတ်တောက်ဖို့၊ တားဆီးဖို့ချည်းပဲ လုပ်နေမယ်ဆိုရင် ထိုအရေး၊ ထိုပြဿနာဟာ အောင်မြင်မှုရဲ့ ပြောင်းပြန်ရလဒ်တွေကိုသာ ရရှိတတ်ပါတယ်။ လူကုန်ကူးမှုတိုက်ဖျက်ရေးအရေးဟာ တစ်နိုင်ငံတည်းမက နိုင်ငံအားလုံးနဲ့ ဆက်စပ်နေတဲ့ကိစ္စပါ။ အနည်းဆုံးတော့ လူတွေစထွက်ခွာရာ မူရင်းနိုင်ငံနဲ့ ဖြတ်သန်းရာနိုင်ငံတွေ၊ နောက်ဆုံး သူတို့အလုပ်လုပ်မယ့် ဆိုက်ရောက်နိုင်ငံတွေဆိုပြီး ပါဝင်ပတ်သက်တဲ့ နိုင်ငံတွေရှိကြပါတယ်။ အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်မှ အဖြေထွက်တဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။

မိုးမြင့်

နားလည်မှုပေးသင့်

လူကုန်ကူးမှုကိစ္စ ဖြေရှင်းမယ်ဆိုရင် ဟန်ချက်ညီရပါတယ်၊ မျှတရပါမယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဆင်းရဲတဲ့နိုင်ငံတွေ၊ နိုင်ငံရေးပဋ္ဌိပက္ခတွေနဲ့ လူမျိုးရေးပဋ္ဌိပက္ခတွေရှိနေတဲ့ နိုင်ငံတွေအပေါ်မှာ ဘက်မလိုက်ဘဲ နိုင်ငံကြီးတွေအနေနဲ့ ပိုပြီးညီမျှတဲ့ အနေအထားမျိုး ထားရှိဖို့သင့်ပါတယ်။ ယခုလို ကိုဗစ်ကပ်ကို ရင်ဆိုင်နေရချိန်၊ စစ်ပွဲနဲ့ သဘာဝဘေးဒဏ်တွေ သင့်နေချိန်မှာ ချမ်းသာတဲ့ နိုင်ငံတွေဟာ ဆင်းရဲတဲ့နိုင်ငံတွေအပေါ်မှာ ပို၍ စာနာထောက်ထား နားလည်မှုပေးသင့်တယ်လို့ ယူဆပါတယ်။ စီးပွားရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးတဲ့အခြေအနေရှိနေခိုက်မှာ နိုင်ငံအတော်များများမှာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအစီအစဉ်တွေနဲ့ ကြိုးပမ်းဆောင်ရွက်နေကြပေမယ့် ရည်မှန်းချက်မရောက် တစ်ခါတစ်ရံ ထိုက်သင့်သလောက် အောင်မြင်မှုမရနိုင်ဘဲ အခက်အခဲတွေရှိနိုင်တယ်ဆိုတာ နားလည်မှုပေးနိုင်ရပါမယ်။

ဘက်လိုက်မှုရှိနိုင်တဲ့ထုတ်ပြန်ချက်

မြန်မာနိုင်ငံလည်း ထို့အတူပါပဲ။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စမှာ အမေရိကန်ရဲ့ မလိုတစ်မျိုး၊ လိုတစ်မျိုးအနေအထားကို ယခင်ကလိုပဲ ရင်ဆိုင်ရပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စနဲ့ပတ်သက်ပြီး အမေရိကန် လွှတ်တော်က ၂၀၀၀ ပြည့်နှစ်ကတည်းက သူတို့ စံနှုန်းနဲ့သူတို့ပြဋ္ဌာန်းထားတဲ့ အနိမ့်ဆုံးစံနှုန်းအတိုင်း သို့မဟုတ် စံနှုန်းတွေနဲ့အညီ လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းအားထုတ်မှုမှာ မြန်မာနိုင်ငံဘက်ကအားနည်းတယ်ဆိုပြီး ကြိုးပမ်းအားထုတ်မှု အားအနည်းဆုံးနိုင်ငံတွေစာရင်း TIER (3) မှာ ထည့်သွင်းထားလိုက်ပါတယ်။ ယခင်နှစ်တွေအတိုင်းပါပဲ၊ မြန်မာနဲ့ပတ်သက်တဲ့ အစီရင်ခံစာ သတ်မှတ်ချက်မှာ အပြောင်းအလဲ မရှိခဲ့ပါဘူး။

ဒါဟာ အမေရိကန်တို့ လုပ်နေကျ ဘက်လိုက်ခွဲခြားမှုတွေထဲက တစ်ခုဆိုတာထက် မပိုပါဘူး။ သူ့ကိုထောက်ခံတဲ့နိုင်ငံ၊ အကျိုးပြုတဲ့နိုင်ငံ၊ မဟာမိတ်နိုင်ငံဆိုလျှင် ဘယ်လို လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ အားနည်းချက်တွေရှိနေပါစေ၊ ဘယ်လိုပဲ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိနေပါစေ လျစ်လျူရှုခံရတဲ့အပြင် အမေရိကန်ရဲ့ မျက်နှာသာပေးမှုလည်း ခံရပြီး TIER (3) စာရင်းထဲမှာ ပါဝင်တာလည်း မတွေ့ရပါဘူး။ ထိုးစံအတိုင်း အီရန်၊ ဂီနီယာ၊ တရုတ်၊ အာဖဂန်နစ္စတန်စတဲ့ အမေရိကန်မလိုလားတဲ့ နိုင်ငံတွေကတော့ ဒီစာရင်းမှာ ထည့်သွင်းထားခြင်း ခံရပါတယ်။ ဒီလိုစာရင်းသွင်းခံရတဲ့နိုင်ငံတွေအနေနဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနဲ့ ကုန်သွယ်ရေးမဟုတ်တဲ့ အကူအညီတွေ၊ အခြားအကူအညီတွေကို အမေရိကန်ဆီက ရနိုင်တော့မှာ မဟုတ်ပါဘူး။

ခေတ်သစ်ကျွန်လူကုန်ကူးမှုကို ဘယ်နိုင်ငံကမှ လက်မခံပါ

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ မြန်မာအပါအဝင် အထက်ပါနိုင်ငံတွေအနေနဲ့ လူကုန်ကူးခြင်းဆိုတာ လုပ်အားကို ခေါင်းပုံဖြတ်တဲ့လုပ်ငန်း၊ လင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရပြီး ဘဝရပ်တည်ဖို့ ခက်ခဲတဲ့ သူတွေကို ပိုပြီးပစ်မှတ်ထားခံရတဲ့ မကောင်းမှုဒုစရိုက်လုပ်ငန်းတစ်ခုဆိုတာ သိရှိပြီးသားပါ။ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျတာနဲ့အမျှ လူကုန်ကူးမှု ပြဿနာတွေကို ပိုပြီးခံစားကြရတယ်ဆိုတာကိုလည်း အားလုံးထက်ပိုသိပါတယ်။ အမျိုးသမီးနဲ့ ကလေးသူငယ်တွေဟာ အဓိကသားကောင်တွေ ဖြစ်ကြရပါတယ်။

အဓမ္မထိမ်းမြားခံရပြီး အဓမ္မပြည့်တန်ဆာ လုပ်ခိုင်းခြင်းခံကြရတယ်။ ကြွေးမြီ အတင်ခံရတယ်။ ကလေးသူငယ်ပါမချန် လူကုန်ကူးခံရတဲ့အထိ ကျေးကျွန်စနစ်တစ်ခုအဖြစ် သတ်မှတ်ခံရတဲ့ လူလူချင်းအမြတ်ထုတ်ခံရတဲ့ မကောင်းမှုလုပ်ငန်းမျိုး ဖြစ်လို့ မြန်မာနိုင်ငံအပါအဝင် ဘယ်လိုအစိုးရ၊ ဘယ်လိုယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမျိုးကမှ လက်ခံလို့မရဘူးဆိုတာ နားလည်သဘောပေါက်သင့်ပါတယ်။

> **ဒေသတွင်းလူကုန်ကူးမှု တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ ယန္တရားတွေမှာလည်း တိုးမြှင့်ပါဝင်ဆောင်ရွက်တဲ့အနေနဲ့ မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံ ပူးပေါင်းလူကုန်ကူးမှု၊ ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်းမှာလည်း မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်နေပါတယ်။ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ နိုင်ငံအသီးသီးနဲ့လည်း MoU လက်မှတ်ရေးထိုးထားပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါ၊ ဘူတန်နိုင်ငံတွေနဲ့လည်း ၂၀၀၄ ခုနှစ်ကစပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ အာဆီယံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအောက်မှာ မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**

မြန်မာနိုင်ငံအခြေအနေကို ကြည့်မယ်ဆိုရင် ပြည်တွင်းရေးအခြေအနေတွေကို အခွင့်ကောင်းယူပြီး ပြည်ပနိုင်ငံတွေရဲ့ ဆွဲဆောင်မှုတွေပါနေတာတွေ့ရပါလိမ့်မယ်။ ပြည်ပမှာ အလုပ်အကိုင်သစ်ရှာဖွေလိုတဲ့ လူငယ်တွေကို စျေးကွက်လိုအပ်ချက်အရ စည်းရုံးသိမ်းသွင်းမှုတွေရှိနေတာကြောင့် ပြည်ပထွက်ခွာ၊ ပြည်ပလူကုန်ကူးမှု အရေအတွက်ဟာ ပြည်တွင်းလူကုန်ကူးမှုထက် လေးဆလောက် ပိုများနေပါတယ်။ အမျိုးသမီးနဲ့ ကလေးသူငယ်ကတော့ ၅၀ ရာခိုင်နှုန်းခန့်အထိ ရှိပါတယ်။

ပွဲစားတွေရဲ့ ပစ်မှတ်ထားခံရတဲ့ အဓိကသားကောင်တွေပါ။ မိန်းကလေးငယ်တွေ အမွေထိမ်းမြားခံရ၊ အင်္ဂဝေးကိုယ်ဝန်ဆောင်ကြရ၊ လုပ်အားခေါင်းပုံဖြတ်ခံရ၊ ကြွေးမြီနှောင်ဖွဲ့ခံရ၊ မွေးစားခံရ၊ အလွဲသုံးစားလုပ်ခံရ၊ ခြိမ်းခြောက်ခံရ စသဖြင့် စိတ်မကောင်းစရာဖြစ်ရပ်တွေကို ဘယ်လိုလူ့အဖွဲ့အစည်းကမှ လျစ်လျူရှုထားမယ်မထင်ပါဘူး။ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံအနေနဲ့တော့ ဗြဟ္မာစိုရ်တရားလက်ကိုင်ထားတဲ့ လူမျိုးများပီဝီ မေတ္တာ၊ ကရုဏာနဲ့ လူကုန်ကူးမှုကို အရေးယူတားဆီးတိုက်ဖျက်တဲ့ နေရာမှာ ကျရာကဏ္ဍကနေ ပါဝင်ကူညီဆောင်ရွက်ပေးနေတယ်ဆိုတဲ့အချက်ကို အသိအမှတ်ပြုသင့်ပါတယ်။

အမျိုးသားရေးတာဝန်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်နေ

ဒါကြောင့်လည်း မြန်မာနိုင်ငံအနေနဲ့ လူကုန်ကူးမှုတားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်ကတည်းက အမျိုးသားရေးတာဝန်တစ်ခုနှယ်သတ်မှတ်ပြီး ငါးနှစ်စီမံကိန်းနဲ့ မဟာဗျူဟာသုံးရပ်၊ နည်းဗျူဟာလေးရပ်ချမှတ်ပြီး တိုက်ဖျက်ခဲ့ကြပါတယ်။ လူကုန်ကူးမှုတားဆီး တိုက်ဖျက်ရေးနဲ့ဆက်နွယ်တဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအပိုင်းတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ နိုင်ငံတကာ ဖြတ်ကျော်အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း UNTOC နဲ့ နောက်ဆက်တွဲစာချုပ်တွေဖြစ်တဲ့ အမျိုးသမီးနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုနှိမ်နင်းခြင်းနှင့်ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်နဲ့ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာ စာချုပ်တွေမှာ ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့ကတည်းက ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

ဒဲ့အပြင် ဒေသတွင်း လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ ယန္တရားတွေမှာလည်း တိုးမြှင့်ပါဝင်ဆောင်ရွက်တဲ့အနေနဲ့ မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံ ပူးပေါင်းလူကုန်ကူးမှု၊ ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်းမှာလည်း မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်နေပါတယ်။ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ နိုင်ငံအသီးသီးနဲ့လည်း MoU လက်မှတ်ရေးထိုးထားပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါ၊ ဘူတန်နိုင်ငံတွေနဲ့လည်း ၂၀၀၄ ခုနှစ်ကစပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ အာဆီယံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအောက်မှာ မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ပြင်ဆင်ခဲ့ပြီး လူကုန်ကူးမှုဆိုင်ရာ ဥပဒေအသစ်ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံမှာ ၂၀၀၅ ခုနှစ်ကတည်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ နောက်ပိုင်းမှာ လူကုန်ကူးမှု ပုံစံတွေမှာ ပြောင်းလဲမှုတွေ ရှိလာပါတယ်။ အွန်လိုင်းနဲ့ အီလက်ထရွန်နစ်နည်းပညာတွေ အသုံးပြုပြီး လူစုပြီး လူကုန်ကူးလာကြပါတယ်။ အခုလို ပြောင်းလဲတိုးတက်လာတဲ့ အခြေအနေမှာ ခေတ်စနစ်နဲ့အညီဖြစ်စေဖို့ မူလဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲဖို့ အကြောင်းဖန်လာပါတယ်။

ဒါကြောင့်လည်း ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အမည်သစ်နဲ့ ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြန်ပါတယ်။ ဥပဒေအဟောင်းနဲ့အသစ်ကြား ကွာခြားချက်ကို ပြန်ကြည့်ရင် မြန်မာနိုင်ငံအစိုးရအနေနဲ့ လူကုန်ကူးမှုအပေါ် ပိုပြီး အာရုံစိုက်တွန်းအားပေးအားထုတ်ဆောင်ရွက်လိုစိတ်ကို တွေ့မြင်ရပါတယ်။

လူကုန်ကူးမှုမှာ ကာကွယ်ရေးအသွင်မှ တားဆီးနှိမ်နင်းရေးအသွင်သို့ တိုးမြှင့်လာခဲ့ပါပြီ။ အွန်လိုင်းအသုံးပြု ကျူးလွန်သူတွေအတွက် ထိရောက်တဲ့ပြစ်ဒဏ်တွေပေးဖို့ ထည့်သွင်းပြင်ဆင်လာခဲ့ပါပြီ။ ဥပဒေအဟောင်းမှာ လူကုန်ကူးခံရသူတွေကိုပဲ အကာအကွယ်ပေးနိုင်တဲ့ အနေအထားရှိခဲ့တဲ့အတွက် သက်သေတွေကိုပါ အကာအကွယ်ပေးနိုင်ဖို့အထိ ရည်ရွယ်တဲ့ အသစ်ထည့်သွင်းပြဋ္ဌာန်းချက်တွေ ပါဝင်လာတာကိုလည်း လေ့လာမိပါတယ်။

ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ဗဟိုအဖွဲ့နှင့် ဆက်စပ်ဥပဒေများ

တစ်ဆက်တည်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ဥပဒေပါပြဋ္ဌာန်းချက်တွေကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ဖို့ ရည်ရွယ်ပြီး ပြည်ထဲရေးဝန်ကြီးက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ လေးဦး၊ အဖွဲ့ဝင် ၂၀ အထိ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်တဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။ ဗဟိုအဖွဲ့အနေနဲ့ ယခင်ဆောင်ရွက်ချက်တွေအပေါ်မှာ ပိုပြီးဆောင်ရွက်ပေးနိုင်တဲ့ အနေအထားမျိုးနဲ့ လုပ်ပိုင်ခွင့်အခွင့်အလမ်းတွေ ရရှိလာတော့မယ်လို့ ယူဆရပါတယ်။

မြန်မာနိုင်ငံမှာ လူကုန်ကူးမှုနဲ့ တိုက်ရိုက်ပတ်သက်တဲ့ ဥပဒေရှိသလို ခေတ်အဆက်ဆက် ပြဋ္ဌာန်းခဲ့တဲ့ ဆက်နွယ်ဥပဒေတွေလည်း ရှိပြီးဖြစ်ပါတယ်။ ရာဇသတ်ကြီး၊ လူဝင်မှုကြီးကြပ်ရေး (၁၉၄၇)၊ အဂတိလိုက်စားမှုတားမြစ်ရေး (၁၉၄၈)၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး (၁၉၄၉)၊ ကလေးသူငယ် (၁၉၉၃)၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ (၁၉၉၉)၊ တရားမဝင်နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး (၂၀၂၂)၊ ကိုယ်အင်္ဂါအစိတ်အပိုင်းဆိုင်ရာ (၂၀၀၄)၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး (၂၀၀၄)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ (၂၀၁၉) စသဖြင့် ဆက်နွယ်ဥပဒေတွေနဲ့လည်း လူကုန်ကူးမှု ကျူးလွန်သူတွေကို အရေးယူလျက်ရှိပါတယ်။

စာမျက်နှာ ၇ သို့ ✻

❖ ရှေ့ဖုံးမှ

စင်ရော်ခေါင်းညို ကောင်ရေ ၂၀၀ ခန့်၊ စင်ရော်ခေါင်းမည်း ကောင်ရေ ၉၀ ခန့်၊ ဘဲဖြူနက် ကောင်ရေ ၁၅၀ ခန့်၊ ကြိုးကြာခေါင်းမည်းငါးကောင်၊ ငါးဟစ်မွဲငှက် ၁၀ ကောင်၊ ဝှစ်စကားမြစ်တွေး ကောင်ရေ ၁၀၀ ခန့်နှင့် ဘောင်တုတ်ငှက် သုံးကောင်၊ ငှက်ကြီးဝန်ပိုး၊ လင်းဝက်၊ ခြုံတိုးဗျိုင်း၊ တလိုင်းကောင်၊ မြစ်တွေး၊ တစ်တီတူးခေါင်းမည်း၊ ဘဲကြားလေးနှင့် ရေညောင့်ငှက်များ ဝင်ရောက်ကျက်စားလျက်ရှိသည်။ ဒေသမျိုးရင်းငှက်မျိုးစိတ် ၂၀ မှ ကောင်ရေ ၃၂၀၀ ကျော် အင်းတော်ကြီးကန်အတွင်း လှည့်လည် ကျက်စားလျက်ရှိပြီး ဒေါင်းလန်းခြေထောက်၊ တာပွဲနှင်း၊ တာပွဲနှင်းမြီးရှည်၊ ကျွဲကျောင်းဗျိုင်း၊ သာယာဝတီဗျိုင်း၊ ဝေသာလီဗျိုင်း၊ လစ်တစ်အီးကွဲလ်ဗျိုင်း၊ တင်ကျီး၊ တစေးမှုန့်၊ ရေကြက်၊ ကလားကပ်၊ စစ္စလီ၊ ဗျိုင်းအောက်ကျောညို၊ ငဟစ်၊ မယ်ညို၊ ရေကြက်ရင်ဖြူ၊ ဥပန်း၊ တစ်တီတူး၊ ဝမ်းဘဲကြား၊ စပ်ဗျိုင်းစသည့် ဒေသမျိုးရင်းငှက်များလည်း အင်းတော်ကြီးအိုင်အတွင်း ကျက်စားလျက်ရှိသည်။

ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်ရင်ဆိုင်နေရသည့် ငှက်ကြီးဝန်ပိုး(Spot-billed Pelican)များ ဆောင်းဦးရာသီ၌ အင်းတော်ကြီးအိုင်သို့ စတင်ဝင်ရောက်လာစဉ်။

အင်းတော်ကြီးအိုင်၏ ဒေသမျိုးရင်းဖြစ်ပြီး မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော မယ်ညိုရေပျော်ငှက်(Grey headed Swamphen)ဆောင်းဦးရာသီ၌ ဝင်ရောက်ကျက်စားနေမှုကိုတွေ့ရစဉ်။

ကောင်ရေ ၉၇၀ ဝင်ရောက်

အင်းတော်ကြီးကန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ဆောင်းခိုငှက် ဝင်ရောက်လာမှုနှင့်စပ်လျဉ်း၍ "မနှစ်ကဒီရာသီမှာ ဆောင်းခိုငှက်မျိုးစိတ် ၂၀ မှာ ကောင်ရေ ၉၇၀ ဝင်ရောက်ပြီး ဒီနှစ်တော့ မျိုးစိတ် ၁၉ မျိုးမှာ ရေပျော်ငှက် ၉၆၀ ကျော် စတင်ဝင်ရောက်နေပါပြီ။ ပြီးခဲ့တဲ့လက ဆောင်းခိုငှက်များကြိုဆိုပွဲ လုပ်ခဲ့ပါတယ်။ ဒေသခံပြည်သူတွေ ဆောင်းခိုငှက်တွေကို ပစ်ခတ်ဖမ်းဆီးမှု မရှိဘဲ နိုင်ငံရဲ့ဂုဏ်ယူဖွယ်အဖြစ် တန်ဖိုးထားစောင့်ရှောက်နိုင်အောင် အသိပေးဆိုင်းဘုတ်တွေထောင်ပြီး ကြိုဆိုပွဲ လုပ်ပါတယ်။ အင်းတော်ကြီးကန်မှာ နားခိုပြီး အန္တရာယ်ကင်းစွာနေထိုင်နိုင်အောင်နဲ့ မူရင်းဒေသကို အန္တရာယ်ကင်းစွာနဲ့ပျံသန်းနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေကိုလည်း ဒီဧင်ဘာလမှာ ဆက်လက် ဆောင်ရွက်သွားဖို့ရှိတယ်။ နိုင်ငံတော်ကလည်း သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ကြိုးပမ်းဆောင်ရွက်နေတဲ့အတွက် အင်းတော်ကြီးကန်မှာ ငှက်မျိုးစိတ်တွေကို ထိန်းသိမ်းနိုင်တာဟာ ပြည်တွင်း/ပြည်ပ ခရီးသွားတွေကို ဆွဲဆောင်မှုတစ်ရပ်လည်း ဖြစ်စေပါတယ်။ အရှေ့တောင်အာရှမှာ တတိယအကြီးဆုံးအိုင်ဖြစ်တဲ့ အင်းတော်ကြီးအိုင်မှာ ဆောင်းခိုငှက်တွေနဲ့ တောရိုင်းတိရစ္ဆာန်တွေကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ သစ်တောဦးစီးဌာနတစ်ခုတည်းမဟုတ်ဘဲ ဒေသခံတွေနဲ့ အဖွဲ့အစည်းတွေကလည်း ငှက်ထိန်းသိမ်းရေးလုပ်ငန်းတွေကို လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဟာ သဘာဝအခြေခံခရီးသွားလုပ်ငန်းကနေ ဒေသခံတွေဝင်ငွေရရှိမှုကို တွန်းအားတစ်ရပ် ဖြစ်စေပါတယ်။ ကန်ကိုစောင့်ကြည့်လေ့လာမှုအနေနဲ့ ရေပျော်ငှက်၊ သစ်တောငှက်နဲ့ ငါးမျိုးစိတ်စာရင်းကို ပုံမှန်ကောက်ယူပြီး အင်းတော်ကြီးကန်ရဲ့ အရည်အသွေးကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး တစ်လသုံးကြိမ် ရေအရည်အသွေးနဲ့ ရေအတိမ်အနက်တိုင်းတာမှုတွေလုပ်ပါတယ်။ အင်းတော်ကြီးကန်ဟာ ရမ်ဆာ ရေဝပ်ဒေသတစ်ခုအဖြစ် နိုင်ငံအတွက် အရေးပါတဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် အကြီးဆုံးသဘာဝအင်းကြီးတစ်ခု ဖြစ်သည်နှင့်အညီ တောတောင်များနောက်ခံဖြင့် အင်းရေပြင်ရှုခင်းအလှက ဆောင်ဦးရာသီ၏ ပြည်တွင်းခရီးသွားလုပ်ငန်းကို ဆွဲဆောင်လျက်ရှိပြီး ကမ္ဘာတွင် မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက် ၁၀ မျိုးအပါအဝင် ရွှေပြောင်းသွားလာသောငှက်နှင့် ဌာနေငှက်မျိုးပေါင်း ၂၀၀၀ ကျော်၊ ကမ္ဘာတွင်မျိုးသုဉ်းလုနီးရင်ဆိုင်နေရသောလိပ် ငါးမျိုး၊ ကမ္ဘာပေါ်တွင်မရှိသေးသော ငါးမျိုးစိတ်နှစ်မျိုးဖြစ်သည့် မိချောင်းသွားကြားထိုးတံနှင့် ရေနယားငါးမျိုးစိတ်၊ မျိုးစိတ်အသစ်အဖြစ် ငါးသလဲထိုးမျိုးစိတ် ငါးမျိုးနှင့် ငါးမျိုးစိတ်ပေါင်း ၉၄ မျိုးကို တွေ့မြင်နိုင်သည့် ရေတိမ်ဒေသဖြစ်ရာ နိုင်ငံခြားသားခရီးသွားများနှင့် ငှက်ဝါသနာရှင်များ အထူးစိတ်ဝင်စားရာ နေရာတစ်ခုအဖြစ် နာမည်ကျော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီးမှ မိုးယွန်းကြီးအင်းပြီးလျှင် ဒုတိယမြောက် ရမ်ဆာစာရင်းဝင် ရေတိမ်ဒေသတစ်ခုအဖြစ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ရေတိမ်ဒေသများ နေ့၌ ရမ်ဆာအတွင်းရေးမှူးရုံးက အသိအမှတ်ပြုခဲ့သည်။

ယခုနှစ်တွင် ဆောင်းခိုငှက်များ အတွက်ဆောင်ပုဒ်မှာ "ဆောင်းခိုငှက်များ ရှင်သန်ရေး အလင်းသုံးစွဲမှု လျှော့ချပေး" ခေါင်းစဉ်ဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်က မိုးအင်းကြီး၊ အင်းလေး၊ အင်းတော်ကြီးနှင့် ရမ်ဆာရေဝပ်ဒေသတို့တွင် ညဉ့်ပိုင်းအလင်းရောင်များကြောင့် ဆောင်းခိုငှက်များပျံသန်းမှုကို ထိခိုက်မှုမရှိစေရန် လူထုပူးပေါင်းလှုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိသည်။ အင်းတော်ကြီးအိုင်တွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန်ရင်ဆိုင်နေရသည့် ဆောင်းခိုငှက်များဖြစ်သော ငှက်ကြီးဝန်ပိုနှင့် မြစ်တွေးငှက်တို့ ကျက်စားလျက်ရှိပြီး ဒေသမျိုးရင်းငှက်များဖြစ်သည့် ဒေါင်းလန်းခြေထောက်၊ ဥပန်းနှင့် မယ်ညိုငှက်တို့သည် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်ရလျက်ရှိကာ အင်းတော်ကြီးအိုင်တွင် ရေပျော်ငှက်မျိုးစိတ် ၁၀၅ မျိုးနှင့် သစ်တောငှက်မျိုးစိတ် ၄၀၀ ကျော် နှစ်စဉ်ဝင်ရောက်ကျက်စားလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးအိုင်သည် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဆက်စပ်ဧရိယာ စတုရန်းမိုင် ၁၀၀ ကျယ်ဝန်းပြီး ကန်ဝန်းကျင်ရှိ ကြိုးဝိုင်းဧရိယာမှာ ၂၁၄ ဒသမ ၆၇ စတုရန်းမိုင်ဖြင့် စုစုပေါင်း ၃၁၄ ဒသမ ၆၇ စတုရန်းမိုင်ကျယ်ဝန်းသည်။ ရေပြင်ကျယ်၍ ရေကြည်လင်ပြီး အမြင့်ပေ ၁၀၀၀ ကျော်မှ ၄၀၀၀ ကျော် အထိရှိသောတောင်တန်းများ ဝန်းရံထားမှုကြောင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဌ၌ ရှားပါးနို့တိုက်သတ္တဝါများ၊ ရွှေပြောင်းငှက်များ၊ ဆောင်းခိုငှက်များ၊ ဌာနေငှက်များနှင့် ငါးမျိုးစိတ်များစွာ ကျက်စားနိုင်ခြင်းဖြစ်သည်။ အရှေ့တောင်အာရှ၌ ကမ္ဘောဒီးယားနိုင်ငံရှိ Tonke Sap အိုင်သည် အကြီးဆုံးအိုင်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံရှိ Laguna de Bay အိုင်သည် ဒုတိယအကြီးဆုံးဖြစ်ကာ မြန်မာနိုင်ငံရှိအင်းတော်ကြီးအိုင်သည် တတိယအကြီးဆုံးအိုင် ဖြစ်သောကြောင့် ဆောင်းခိုငှက်များ အများဆုံးဝင်ရောက်ကျက်စားလေ့ရှိပြီး ဆောင်းဦးရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၁၉ မျိုးမှ ရေပျော်ငှက်ကောင်ရေ ၉၆၁ ကောင်ကျော် စတင်ဝင်ရောက် နားခိုလျက်ရှိကြောင်း သိရသည်။ **သတင်း-ညိမ်းသူ(သတင်းစဉ်)**

ဓာတ်ပုံ - ကနူး

❍ **စလင်းမြို့နယ်မှ**

ဝါတစ်ဧက ပျမ်းမျှ ပိသာ ၄၈၀ မှ ၅၀၀ ကျော်အထိ ထွက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် စလင်းမြို့နယ်၌ ဝါစိုက်ပျိုးဧက ၂၂၄၅၀ စိုက်ပျိုးခဲ့ပြီး ဝါမျိုးစေ့ထုတ်စိုက်ဧက ၂၃၄ ဧက စိုက်ပျိုးထားကာ ယှဉ်ပြိုင်စမ်းသပ် တစ်ဧက၊ ငွေချည်-၁၁ မျိုးနှင့် ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁၊ ရာကာ လေးမျိုး ဧက ၅၀ စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မောင်လွင်(စလင်း)**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

✻ စာမျက်နှာ ၆ မှ

အသိပညာပေး၊ ထူထောင်ပေးမှုများ

လက်ရှိဆောင်ရွက်ချက်တွေကို လေ့လာကြည့်ရင် ပြည်သူလူထုကို ရုပ်မြင်သံကြားကတစ်ဆင့် သီချင်းဇာတ်လမ်းတွေ၊ လက်ကမ်းစာစောင်တွေ၊ ပညာပေးဆိုင်းဘုတ်တွေ၊ မိုဘိုင်းဖုန်းအော်ပရေတာတွေကတစ်ဆင့် SMS တွေ၊ ကျောင်းသင်ခန်းစာတွေမှာ လူကုန်ကူးခံရပုံနည်းလမ်းတွေ၊ ကာကွယ်မှုနည်းလမ်းတွေ၊ အသိပေးသတင်းပို့နည်းလမ်းတွေနဲ့ပတ်သက်ပြီး ထည့်သွင်းပို့ချခြင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

လူကုန်ကူးခံရသူတွေကို အချိန်မီကယ်တင်နိုင်ဖို့ Hot line တွေထားရှိပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့တွေမှာရှိတဲ့ Hot line တွေကတစ်ဆင့် ၂၄ နာရီ သတင်းပေးတိုင်ကြားမှုတွေအပေါ် အချိန်မီ ဖော်ထုတ်အရေးယူ ကယ်တင်ပေးလျက် ရှိနေပါတယ်။ လူကုန်ကူးခံရဖို့ ဖြစ်နိုင်ခြေတွေရှိတဲ့ ရွှေပြောင်းအလုပ်သမားတွေအတွက်လည်း သတင်းအချက်အလက်တွေ မျှဝေအသိပေး၊ ပညာပေးနိုင်ဖို့ ထောက်ပံ့ကူညီရေးဌာနတွေကို ဖွင့်လှစ်ထားရှိပါတယ်။

လူကုန်ကူးခံရသူတွေဟာ မူလပုံမှန်ဘဝမှာ ပြန်လည်ရပ်တည်ဖို့ စိုးရှိ့်တတ်ကြပါတယ်။ မိသားစုနဲ့ပြန်လည်ပေါင်းစည်းဖို့ လူ့အဖွဲ့အစည်းထဲပြန်လည်ဝင်ရောက်ဖို့ အနေအထားမှာ သူတို့အတွက် စိန်ခေါ်မှုတွေရှိနိုင်ပါတယ်။ သူတို့ရဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ကြိုတင်မြော်တွေး ဖြေရှင်းဆောင်ရွက်ပေးနိုင်မှသာ တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေဟာ ရာနှုန်းပြည့်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

လူကုန်ကူးခံရသူတွေကို ပြန်လည်လက်ခံသည်မှအစ လူတွေကြားထဲ ပြန်လည်ဝင်ဆံ့ဖို့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်တွေအတိုင်း ဆောင်ရွက်ပေးနေပါတယ်။ သူတို့ကို တရားရုံးမှာ စစ်ဆေးခံနေရစဉ်မှာ ခရီးစရိတ်၊ ဆေးကုသစရိတ်၊ ကျွေးမွေးစရိတ်တွေ ထောက်ပံ့ပေးပါတယ်။ သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ပေးပြီး ဘဝရပ်တည်နိုင်ရေး တတ်နိုင်သမျှ ထောက်ပံ့ပေးနေပါတယ်။ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာတွေမှာ ရောက်ရှိနေတဲ့ သူတွေအတွက် အခြေခံလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

အထက်ပါအချက်တွေအရတော့ မြန်မာနိုင်ငံဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်တွင်းရေးရာတွေနဲ့ ပြည်ပဖိအားမျိုးစုံကြားကနေ တတ်နိုင်သမျှ ကြိုးပမ်းအားထုတ် တိုက်ဖျက်နေတယ်ဆိုတာ သုံးသပ်လို့ရပါတယ်။ လူကုန်ကူးမှုပြဿနာဟာ နိုင်ငံတိုင်းနဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ပါဝင် မကင်းနိုင်တဲ့ ပြဿနာတစ်ခုပါ။

ကမ္ဘာတစ်ဝန်း ကိုဗစ်ကပ်၊ သဘာဝဘေး၊ စီးပွားရေးကျဆင်းမှုနဲ့ ဆင်းရဲမှု၊ ငတ်မွတ်မှုအခြေအနေတွေဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ ကြီးမားတဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုတွေအဖြစ် တည်ရှိနေပါတယ်။ ထိုပြဿနာတွေကို မရှင်းနိုင်သမျှ စိန်ခေါ်မှုတွေအဖြစ် ရှေရှည်တည်ရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်အစိုးရရဲ့ နိုင်ငံရေး အာဃာတတွေနဲ့ ပြည့်နှက်နေပြီး ဒဏ်ရာနဲ့ဆေးမတည့်တဲ့ လူကုန်ကူးမှုဆိုင်ရာ ထုတ်ပြန်ချက်တွေဟာ ထပ်တလဲလဲ ပိတ်ဆို့မှု၊ တားဆီးမှု၊ ဖြတ်တောက်မှုတွေနဲ့အတူ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်တွေနဲ့ အလှမ်းကွာဝေးလွန်းသထက် ကွာဝေးနေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

တောင်သူအကျိုးရှိစေမည့် သီးနှံပုံစံဖြစ်စေရေးအတွက် ဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးမှုအပေါ် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလို

နေပြည်တော် နိုဝင်ဘာ ၂၀

ဆည်ရေသောက် ဧရိယာများအားလုံး သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စွမ်းမြင့်မားရေး၊ တစ်နှစ်သုံးသီးအထိ သီးထပ်စွမ်းအား တိုးတက်ရေး၊ သီးနှံသက်တမ်းနှင့် ရေလိုအပ်ချက်ကို အခြေခံရေးဆွဲထားပြီး တောင်သူအကျိုးရှိစေမည့် သီးနှံပုံစံဖြစ်စေရေးတို့အတွက် ဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးမှုအပေါ် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ရေအသုံးချသူများအဖွဲ့(WUG)နှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့က နေပြည်တော် တပ်ကုန်းမြို့နယ်သို့ ရောက်ရှိစဉ် ကင်းသာရေလှောင်တမံ၌ ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများဖြင့် ဖွဲ့စည်းထားသည့် ရေအသုံးချသူများအဖွဲ့(WUG)နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ဝင်ငွေအများဆုံး သီးနှံပုံစံ အသုံးပြုစိုက်ပျိုးရေး၊ မြေဆီဩဇာထက်သန်ရေးနည်းလမ်းများ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးညီ အသုံးပြုရန် လိုအပ်ချက်များ၊ ရာသီဥတု အခြေအနေကောင်းမွန်ပြီး ဆည်ရေသေချာသည့်ဒေသဖြစ်၍ တစ်နှစ်နှစ်သီးစားမှ သုံးသီးစား တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ကွင်းများ ရေသွင်းရေထုတ် မှန်ကန်ရေးနှင့် ရေတင်နည်းမျိုးစုံဖြင့် စိုက်ပျိုးရေ အသုံးပြုနိုင်ရေး၊ ရေအလေအလွင့်မရှိစေရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

တပ်ကုန်းမြို့နယ်သို့ ရောက်ရှိစဉ် ဒုတိယဝန်ကြီးသည် ကင်းသာရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် တမံကြွံခိုင်မှုအခြေအနေများကိုလည်းကောင်း၊ တပ်ကုန်းမြို့ကင်းသာကျေးရွာအုပ်စု ကင်းသာကျေးရွာရှိ ဒေါက်တာဇော်ထူးမြင့်၏ အသားတိုး ဝက်မွေးမြူရေးခြံသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသဝမ်းစာဖူလုံရေးအပြင် စျေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်နေမှုများ၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ တိရစ္ဆာန်အစာစိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေးစနစ် ထွန်းကားလာစေရေးအတွက် အသေးစားမွေးမြူရေး လုပ်ကိုင်သူများနှင့် မွေးမြူရေးခြံ တည်ထောင်ဆောင်ရွက်လုပ်ကိုင်လိုသူများအား လက်တွဲခေါ်ယူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၀

ဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဌာနတွင် ဦးခွန်ရဲထွေးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ယင်နောက် ဒုတိယဝန်ကြီး၊ ဒေသဦးစီးဌာနတွင်နှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသော (၅၈ x ၅၃x၂၄) ပေ RC နှစ်ထပ် ရုံးအဆောက်အအုံ ဆောက်လုပ်နေမှုနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဟိုပုံးမြို့နယ်ရုံး ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သော အရှည် ၁ ဒသမ ၅ ကီလိုမီတာရှိ ဝမ်လွယ်-ဟိုတိ-ကုန်းကျိုင်း ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ဒေသဦးစီးဌာနတွင်နှင့်အဖွဲ့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဦးစီးအဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်းနှင့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် ဒေသဦးစီးဌာနတို့က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာတွင်းလမ်းအမှတ် (၁) ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျေးရွာရေပေးရေးအတွက် ပေ ၄၀၀ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ Cash For Work စီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်နေသော သုသာန်အဝင်လမ်း ဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဒုတိယဝန်ကြီးနှင့် ဒေသဦးစီးဌာနတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုဝင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလီပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလီပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလီပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ညအပူချိန်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ကာ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသ်တမြို့နှင့် ဧလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666# ၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန

ထားဝယ်မြို့၌ ကမ္ဘာ့ကလေးများနေ့အခမ်းအနား ကျင်းပ

ထားဝယ် နိုဝင်ဘာ ၂၀

"အားလုံးအကျုံးဝင်ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက်ဆောင်ရွက်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ (၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

(၃၃)နှစ်မြောက်ရှိပြီ

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အထိမ်းအမှတ်နေ့အဖြစ် နှစ်စဉ်နှစ်တိုင်းကျင်းပလာခဲ့ရာ (၃၃)နှစ်မြောက်ရှိပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီကိုလည်းကောင်း၊ ခရိုင်/မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများကိုလည်းကောင်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဆောင်၍ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၊ ကလေးသူငယ်အရေးကိစ္စ ဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးက သြဂုတ် ၂၇ ရက်က ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးမဆုံးရှုံးစေရန် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကလေးမိဘများ၊ ကလေးများနှင့် ပြည်သူလူထုတစ်ရပ်လုံး သိရှိရန်နှင့် ကလေးတိုင်း လက်လှမ်းမီတန်းတူညီတူ ရရှိနိုင်ရန်အတွက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအသီးသီးက နေ၍ စဉ်ဆက်မပြတ် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာသူများအားမူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်များက "သ္ဘောင်ပေစူး"၊ "ကောက်စိုက်ချိန်"၊ "ခင်ထား" သီချင်းများဖြင့်လည်းကောင်း၊ "အစားကြီးသော ခူကောင်လေး" ၊ "မရှုပ်ပွ" ပုံပြင်များဖြင့်လည်းကောင်း "ဖားကလေးနှင့် လူကလေး"၊ "ဖိုးလမင်း"၊ "လယ်တောရှင်" ကဗျာများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သားငယ်သမီးငယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world" "အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး" ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက်သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါ အချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင်ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် (ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)၊
(ဆ) မသန်စွမ်းသူများအတွက် နည်းပညာအရေးပါမှုနှင့် တီထွင်ဆန်းသစ်မှုများ၊
(ဇ) ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့ကို ဖယ်ရှားပြီး မသန်စွမ်းသူများ အကျိုးဝင်ပါဝင်မှုကို သေချာစေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့်အခွင့်အလမ်းများ၊
(ဈ) အကြံပြုချက်များ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၅.၁၁.၂၀၂၂)ရက်၊ သောကြာနေ့၊ ညနေ(၁၆:၀၀)နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်းစိန်မြို့နယ်အတွင်း လူကုန်ကူးမှုသတိပြုကာကွယ်တားဆီးရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) နှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ပူးပေါင်း၍ လူကုန်ကူးမှုသတိပြု ကာကွယ်တားဆီးရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့်မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြပြီး လူကုန်ကူးမှုသတိပြု ကာကွယ်တားဆီးရေးအတွက် ပြည်သူများ ကြိုတင်သိထားသင့်သော ဗဟုသုတရဖွယ်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်သတင်းစာ ဆရာအသင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က လူကုန်ကူးမှုသမိုင်းကြောင်း၊ လူကုန်ကူးမှုကျူးလွန်ပါက ဥပဒေပြစ်မှု ပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုမခံရအောင်သတိပြုရမည့်အချက်များနှင့် လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးသူများ၏ လူစုဆောင်းသည့် နည်းလမ်းများနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဆောင်ရွက်ချက်များအကြောင်းတို့ကို ပြည်သူ့စုံစွာ အသိပညာပေး ဆွေးနွေးဟောပြောချက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်မြို့နယ်)အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့် တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

ဥာဏ်ဟိန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာလ ၁၈ ရက်နေ့ နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနခွဲ ကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

(ယမန်နေ့မှအဆက်)

ထို့ပြင် NUG၊ PDF အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ကြီးထံသို့မြန်မာနိုင်ငံဘက်မှ အမြဲတစေ သတင်းပေးပို့ခြင်း၊ ထောက်ပြပြောဆို၍ ကန့်ကွက်ပေးရန်နှင့် ရှုတ်ချပေးရန် ပြောဆိုခဲ့ပါကြောင်း၊ သို့သော် လျစ်လျူရှုမှုများရှိခဲ့ပါကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH၊ PDF အဖွဲ့အစည်းများသည် အကြမ်းဖက်မှုများကို လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏ လူမဆန်သည့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးခဲ့ရသည်ကို ကမ္ဘာကသိရှိစေရန် အာဆီယံအစည်းအဝေးများတွင်လည်းကောင်း၊ ရန်ကုန်မြို့တွင်ရှိသည့် အာဆီယံသံရုံးများထံသို့လည်းကောင်း၊ ပြည်ပရှိ မြန်မာသံရုံး/အဖွဲ့ရုံး ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများထံသို့လည်းကောင်း သတင်းအချက်အလက်အမှန်များနှင့်မှတ်တမ်းများအား ပေးပို့လျက်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၏ NUG၊ CRPH၊ PDF အဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် တောင်းဆိုမှုများ၊ ဆက်သွယ်မှုများသည် **အာဆီယံပဋိညာဉ်စာတမ်းပါစာပိုဒ် (၂)** နှင့် ဆန့်ကျင်နေသည့်အတွက် မြန်မာနိုင်ငံက ပြတ်သားစွာကန့်ကွက်ကြောင်း၊ ထိုကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုသည် အကြမ်းဖက်လုပ်ရပ်များကို အားပေးရာရောက်သဖြင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုလိုလားသည့် မည်သူမဆိုအကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းမပြုရန် တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံအချက်အလက်နှစ်ခု

ထို့ပြင် အစိုးရအနေဖြင့် EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံနေသည်ကို လျစ်လျူရှုပြီး ၎င်းတို့ဖြစ်စေလိုသည့် တွေ့ဆုံမှုများအတွက် တစ်ဖက်သတ်တောင်းဆိုနေမှုများနှင့် ပတ်သက်ပြီး **မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်သည့် EAOs များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုများဆောင်ရွက်လျက်ရှိရာတွင် တိုးတက်မှုများရှိနေသည်ကိုလည်း အာဆီယံနိုင်ငံများအနေဖြင့် လျစ်လျူရှုထားကြောင်း၊ တစ်စုံတစ်ယောက်သော လူပုဂ္ဂိုလ်၊ တစ်ဖွဲ့သောပါတီနှင့်သာ အာဆီယံအထူးကိုယ်စားလှယ်ကို တွေ့ဆုံခွင့်ပေးရေး တစိုက်မတ်မတ်တောင်းဆိုနေသည့် နိုင်ငံများလည်းရှိရကြောင်း၊ ယင်းတောင်းဆိုချက်များ မရရှိခြင်းကို အခြေခံပြီး တူညီဆန္ဒအကောင်အထည်ဖော်ခြင်း တိုးတက်မှုမရှိဟုဆိုပြီး မြန်မာနိုင်ငံအပေါ် ပြစ်တင်ဝေဖန်ခြင်းသည် အပြုသဘောမဆောင်ကြောင်းကိုလည်း ထပ်မံအသိပေးလိုကြောင်း၊** အကြိမ် (၄၀) မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ တက်ရောက်ရမည်ဟု ပြောကြားထားသည့်အတွက် တန်းတူညီတူဆက်ဆံခြင်းမဟုတ်သည့် ခွဲခြားဆက်ဆံသည့်လုပ်ရပ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ထိုအစည်းအဝေးပွဲများတွင် မြန်မာကိုယ်စားလှယ်တက်ရောက်ခဲ့ခြင်းမရှိကြောင်း၊ တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဖော်ပြချက်များသည် ဖြစ်စဉ်အမှန်တရားနှင့် ကင်းကွာလျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို အပြုသဘောဆောင်ဖော်ပြခဲ့ခြင်းလည်းမရှိကြောင်း၊ ပဋိညာဉ်နှင့်လည်း

ကုန်သွယ်ရေးဦးစီးဌာန

၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် (အောက်တိုဘာလ) ထိ(ယာယီ) ဆန်/ ဆန်ကွဲတင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း+နယ်စပ်)

တန်ဖိုး - ကန်ဒေါ်လာသန်း

စဉ်	ခုနှစ်	ရေတွက်ပုံ	ဆန်						ဆန်ကွဲ						ဆန်+ဆန်ကွဲ	
			ပင်လယ်ရေကြောင်း		နယ်စပ်		စုစုပေါင်း		ပင်လယ်ရေကြောင်း		နယ်စပ်		စုစုပေါင်း		စုစုပေါင်း	
			အရေအတွက်	တန်ဖိုး	အရေအတွက်	တန်ဖိုး	အရေအတွက်	တန်ဖိုး	အရေအတွက်	တန်ဖိုး	အရေအတွက်	တန်ဖိုး	အရေအတွက်	တန်ဖိုး	အရေအတွက်	တန်ဖိုး
၁.	၂၀၁၁ ခုနှစ်	တန်	၇၅၄,၂၇၆	၂၉၆.၀၁၁	၄၅,၀၇	၁.၉၂၄	၇၅၈,၈၃	၂၉၇.၃၃၅	၃၄,၇၈	၁၀.၈၄၄	၁၀၀၀	၀.၃၉၅	၃၅,၂၃	၁၁.၂၃၉	၇၉၄,၅၅	၃၀၉.၁၇၄
၂.	၂၀၁၂ ခုနှစ်	တန်	၅၇၁၀၄,၉	၁၉၉.၆၄၄	၆၇၀,၄၂,၉	၂,၈၄.၁၄၈	၁,၄၁၄,၇၈	၄,၈၃.၇၉၂	၃၉,၂,၆	၁၁.၅၁၅	၆,၃,၅	၁.၈.၈၁	၁၀,၃,၀၄	၃.,,ဂ	၁,,,

❒ စာမျက်နှာ ၁၀ မှ

၇ သိန်း ၅ သောင်းကျော်၊ ၂၀၁၆ ခုနှစ်တွင် ဆန်တန်ချိန် ၉ သိန်း ၄ သောင်း ကျော်၊ ၂၀၂၁ ခုနှစ်တွင် ဆန်တန်ချိန် ၁ သန်း ၁ သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၁၆ ခုနှစ်ထက် ၂၀၂၁ ခုနှစ်တွင် တန် ၁ သိန်း ၅ သောင်း ကျော်၊ ၂၀၁၁ ခုနှစ်ထက် တန် ၃ သိန်း ၁ သောင်းကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အလားတူ ဆန်နှင့်ဆက်စပ်နေသည့် ဆန်ကွဲနှင့် အခြားသော ဆက်စပ်ပစ္စည်းများကိုလည်း ပိုမို တိုးတက်တင်ပို့နိုင်ခဲ့ပါကြောင်း၊ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ သိန်း ၃သောင်းကျော်၊ ၂၀၁၆ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ သန်း ၃ သိန်းကျော် ၊ ၂၀၂၁ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ သန်း ၉ သိန်းကျော်၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ လအထိ (ယာယီ) ပဲမျိုးစုံတန်ချိန် ၁ သန်း ၆ သိန်းကျော် တင်ပို့ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်သည် ၂၀၁၆ ခုနှစ်ထက် ပဲမျိုးစုံတန်ချိန် ၅ သိန်း ၉ သောင်းကျော်၊ ၂၀၁၁ ခုနှစ်ထက် ပဲမျိုးစုံတန်ချိန် ၁ သန်း ၈ သိန်း ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးဦးတည်ချက် (၃) ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခက်အခဲအတားအဆီးများကြားမှ နိုင်ငံတော်၏စီးပွားရေး ပြန်လည်တိုးတက်လာစေရေး တတ်စွမ်းသရွေ့ကြိုးစားလျက်ရှိ သည်ကို အသိပေးလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပညာရေးဆိုင်ရာကိစ္စများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဆိုင်ရာကိစ္စရပ်များကို ပြောမည်ဖြစ်ကြောင်း၊ နေပြည်တော်ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း ၁၆ နှစ်ကျော်ကာလရှိပြီဖြစ်ပါကြောင်း၊ မြို့တော်အင်္ဂါရပ်များနှင့် ကိုက်ညီရန်၊ မြို့တော်သန့်ရှင်းသာယာသပ်ရပ်မှုရှိရန်နှင့် စံပြမြို့တော်ဖြစ်စေရန် မြို့တော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်၏ ပညာရေးပိုင်းဆိုင်ရာတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ် စသည့်တက္ကသိုလ်များအပြင် စိုက်ပျိုးရေးသိပ္ပံ၊ စက်မှုသိပ္ပံနှင့် စက်မှုအထက်တန်းကျောင်းများ လည်းရှိပါကြောင်း၊ ထို့ပြင် နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန် ရည်ရွယ်ပြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းမိသားစုများမှ သားသမီးများနှင့် နေပြည်တော် ရှစ်မြို့နယ်ရှိ ဒေသခံ ပြည်သူများ၏ သားသမီးများအတွက် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်များ သင်ယူလေ့လာခွင့်ရရှိစေရန် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၌ Naypyitaw State Academy ကိုဖွင့်လှစ်ခဲ့ပါကြောင်း၊ ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဆေးသိပ္ပံပညာမဟာဌာန၊ အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာနဆိုသည့် မဟာဌာနကြီး ခုနစ်ခုဖြင့် ဖွဲ့စည်းထားပါကြောင်း။

မဟာဌာန ခုနစ်ခု

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာနနှင့် စီးပွားရေးပညာမဟာဌာနဟူ၍ မဟာဌာန လေးခုကို စတင်ဖွင့်လှစ်ထားပြီး ဝိဇ္ဇာပညာမဟာဌာနတွင် ဘာသာရပ်ဌာန ခုနစ်ခု၊ သိပ္ပံပညာမဟာဌာနတွင် ဘာသာရပ်ဌာန သုံးခု၊ ဥပဒေပညာမဟာဌာနတွင် ဘာသာရပ်ဌာန တစ်ခုနှင့် စီးပွားရေးပညာမဟာဌာနတွင် ဘာသာရပ်ဌာန လေးခု စုစုပေါင်းဘာသာရပ်ဌာန ၁၅ ခုကို စတင်ဖွင့်လှစ်သင်ကြားရန်စီစဉ်ထားပါကြောင်း၊ လာမည့်ပညာသင်နှစ်များတွင် ဆေးသိပ္ပံမဟာဌာန၊ အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာနများကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် စုစုပေါင်းမဟာဌာန ခုနစ်ခုအထိ ရှိလာမည်ဖြစ်ကြောင်း။

ထို့ပြင် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာပညာရှင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရန်နှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာပညာရပ်များကို သင်ယူနိုင်မည့်အခွင့်အလမ်းများ တိုးချဲ့ပေးနိုင်ရေးတို့အတွက် နေပြည်တော်ကောင်စီနယ်မြေ အတွင်း၌ အင်ဂျင်နီယာပညာရပ်များကို သင်ကြားပေးနိုင်မည့် နည်းပညာတက္ကသိုလ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ နိုင်ငံတော်အတွက် ကဏ္ဍအသီးသီးတွင်လိုအပ်လျက်ရှိသည့် အင်ဂျင်နီယာပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်ရန် လုပ်ငန်းလိုအပ်ချက်အများဆုံးဖြစ်သည့် အင်ဂျင်နီယာဘာသာရပ်ကြီးလေးခု၊ အလုပ်အကိုင်အခွင့်အလမ်းအများဆုံးဖြစ်သည့် သုတနည်းပညာဘာသာရပ်နှင့် ဒေသလိုအပ်ချက်အရ ဗိသုကာဘာသာရပ်အပါအဝင် စုစုပေါင်းဘာသာရပ်ခြောက်ခုကို ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအားပညာရေးမြို့တော်ဖြစ်လာစေရန်အတွက် လက်ရှိဖွင့်လှစ်ပို့ချလျက်ရှိသည့် အစိုးရမူလတန်းကျောင်း ၅၀၈ ကျောင်း၊ အစိုးရအလယ်တန်းကျောင်း ၁၂၀၊ အစိုးရအထက်တန်းကျောင်း ၁၂၉ ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း ၅၇ ကျောင်းကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့်အပြင် မိမိတို့အစိုးရ အနေဖြင့် ပုဂ္ဂလိကကျောင်းများအပါအဝင် လိုအပ်သည့်ကျောင်း၊ တက္ကသိုလ်များကိုလည်း ဆက်လက်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး Green City၊ Clean City ၊ Smart City ဖြစ်အောင် ဆောင်ရွက်နေမှုကို ပြောမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်၍ Green City၊ Clean City နှင့် Smart City ဖြစ်လာစေရေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများအတွက် အိမ်ရာများ (Housing and Home: Affordable Housing and Low Cost Housing) တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပေးဝေရေးစနစ်မှ နေ့စဉ် ရေဂါလန်သန်း ၃၀ ခန့် တိုးချဲ့ရေပေးဝေနိုင်ရန်အတွက် ဆောင်ရွက်မည့် နေပြည်တော်တိုးချဲ့ရေပေးဝေရေး (ပေါင်းလောင်း) စီမံကိန်း (Phase–1) ကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍမှရရှိ

ဟိုတယ်နှင့် ခရီးသွားလာခြင်းစီးပွားရေးလုပ်ငန်းအား မီးခိုးမထွက်သည့်စက်ရုံဟု တင်စားခေါ်ဝေါ်ကြပါကြောင်း၊ နိုင်ငံတကာစီးပွားရေးကဏ္ဍတွင် နိုင်ငံ၏အဓိကဝင်ငွေများကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကဏ္ဍမှ ရရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် မူလရှိပြီးသားခရီးစဉ်နေရာဒေသများအပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာယဉ်ကျေးမှုကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ လူထုအခြေပြုခရီးသွားလုပ်ငန်းများကို ထပ်မံဖော်ဆောင်နိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခရီးသွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆက်လက်ပြီး နေပြည်တော်အတွင်း မီးခိုးမထွက်သော၊ ကာဗွန်မထွက်သော အကြီးစားစက်မှုလုပ်ငန်းများအနေဖြင့် CMP စနစ်ဖြင့် ဆောင်ရွက်နေသည့် အထည်ချုပ်လုပ်ငန်း သုံးခု၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအေးခဲထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှစ်ခု၊ သစ်သီးဝလံတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတစ်ခု၊ CNC စနစ်ဖြင့် ဆောင်ရွက်နေသည့်ကျောက်ဆစ်ရုပ်တုလုပ်ငန်းတစ်ခု စသည့်လုပ်ငန်းများရှိကြောင်း။

ဆက်လက်ပြီး နေပြည်တော်ကောင်စီနယ်မြေသည် ရေမြေရာသီဥတု အထူးကောင်းမွန်သည့် အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ၊ မီးခိုးမထွက်သောစက်မှုလုပ်ငန်းများ၊ အထည်ချုပ်စက်ရုံလုပ်ငန်းများနှင့် တက္ကသိုလ်၊ အဆင့်မြင့်ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာစေရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသသည် တည်နေရာအရ တရုတ်-မြန်မာစီးပွားရေးစင်္ကြံနှင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းမပေါ်တွင် တည်ရှိခြင်းကြောင့် မဟာဗျူဟာကျပြီး ရေ၊ မြေ၊ ရာသီဥတု အခြေခံကောင်းမွန်ခြင်း၊ လျှပ်စစ်မီး၊ လမ်းတံတား၊ လေဆိပ်စသည့် အခြေခံအဆောက်အအုံပြည့်စုံကောင်းမွန်ခြင်း စသည့်အားသာချက်များ ရှိနေကြောင်း။

ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ရင်းနှီးမြှုပ်နှံမှုပြုမည်ဆိုပါက လုပ်ငန်းစတင်သည့်အချိန်မှ ငါးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားခံစားနိုင်မည်ဖြစ်သည့်အပြင် အခွန်ဆိုင်ရာသက်သာခွင့်ပေး၍ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများမှတစ်ဆင့် အလုပ်အကိုင်ဖန်တီးနိုင်ခွင့်ရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ကာလများအတွင်း ဖြစ်ပျက်ခဲ့သည့်အခြေအနေများ၊ အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ယုံကြည်ကြသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာတရားအပေါ် ကိုးကွယ်ယုံကြည်မှုတို့နှင့် ယဉ်ကျေးမှုပွဲလမ်းသဘင်များကို ကျင်းပလေ့ရှိသည့်နိုင်ငံလည်းဖြစ်ကြောင်း၊ အခြားဘာသာဝင်များအနေဖြင့်လည်း ဘာသာရေးဆိုင်ရာအခမ်းအနားများ၊ ဘာသာရေးဆိုင်ရာအထိမ်းအမှတ်နေ့များကို လွတ်လပ်စွာပြုလုပ်လျက်ရှိကြောင်း၊ ထိုကာလများတွင် ပြည်သူလူထု စိတ်ချမ်းမြေ့အောင်၊ ပျော်ပျော်ပါးပါးပါဝင်နိုင်အောင် စီစဉ်ပေးရမည်မှာ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ တာဝန်ဖြစ်ကြောင်း၊ တာဝန်ရှိသည့်အတွက် တာဝန်ယူပြီး စီမံပေးပါကြောင်း၊ ယင်းကို မည်သူတို့က ပျက်ပြားအောင် လိုက်နှောင့်ယှက်သည်၊ ခြိမ်းခြောက်မှုများ လုပ်ခဲ့သည်ကို ပြန်ဆန်းစစ်ရန်လိုမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် သီတင်းကျွတ်၊ တန်ဆောင်တိုင်ကာလက ပြည်သူလူထုအပန်းဖြေနိုင်သည့်နေရာများ၊ ဘာသာရေးဆိုင်ရာနေရာများ၌ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စည်ကားမှုရှိခဲ့သည်ကို၊ ပြည်သူလူထုအနေဖြင့် စိတ်ချမ်းမြေ့မှုရှိခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် စိတ်မချမ်းမြေ့စရာများလည်းရှိကြောင်း၊ ဘာသာတရားအရ ကိုးကွယ်မှုရှိသည့်နေရာများ၌ပင် ခြိမ်းခြောက်မှုများရှိခဲ့ပါကြောင်း၊ မုံရွာမြို့ရှိ ကျောက္ကာရွှေဂူနီဘုရားရှေ့၌ လက်နက်ကိုင် ခြိမ်းခြောက်မှုကြောင့် ဘုရားဖူးမရှိခဲ့ခြင်းကလည်း ဓမ္မနှင့်အဓမ္မကို သိသာစေသည့်အဖြေဖြစ်မည်ဟု ပြောလိုပါကြောင်း၊ ဘုရားရှေ့၌ပင် လက်နက်ကိုင်ထားပြီး "ဒီနေ့ဘုရားပိတ်တယ်" ဆိုသည့်စာတန်းမျိုး ထိုးသည်အထိ ကိုးကွယ်ရာဘာသာနှင့်ပြည်သူလူထုကို နှောင့်ယှက်စော်ကားခဲ့ကြောင်းကို တွေ့ရကြောင်း၊ ထို့ပြင် ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကိုးကွယ်ရသည့် ရတနာသုံးပါးစာရင်းဝင် သံဃာများ၊ အနန္တော အနန္တဂိုဏ်းဝင်ဆရာများကိုပါ လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲပြီး သတ်ဖြတ်ခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့ထိ ရဟန်းသံဃာ ၆၇ ပါးသတ်ဖြတ်ခံရပါကြောင်း၊ ဆရာ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းအပါအဝင် အပြစ်မဲ့ပြည်သူပေါင်းများစွာ အသတ်ခံခဲ့ရပါကြောင်း။

ဒေသတွင်းပြည်သူလူထု၏ စီးပွားရေး

အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်ပြီး ဆက်စပ်ပြောလိုပါကြောင်း၊ မြန်မာနိုင်ငံ၌ရှိသည့် ထင်ရှားကျော်ကြားလှသည့်ဘုရား၊ ပုထိုးများထဲ၌ ကျိုက်ထီးရိုးစေတီတော်သည်လည်း တန်ခိုးကြီး စေတီတစ်ဆူဖြစ်ကြောင်း၊ နှစ်စဉ်ဘုရားပွဲတော် ကျင်းပချိန်အပြင် တစ်နှစ်ပတ်လုံးနီးပါး ဘုရားဖူးပြည်သူများနှင့် စည်ကားသက်ဝင်နေသည့် စေတီတစ်ဆူဖြစ်ကြောင်း၊ ဘုရားကိုဆက်စပ်ပြီး ဒေသတွင်းပြည်သူလူထု၏ စီးပွားရေးကို အတိုင်းအတာကြီးကြီးမားမားထောက်ကူပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်ရော မြန်မာနိုင်ငံတစ်ဝန်းသာမက ကမ္ဘာလှည့်ခရီးသွားများကပါ စိတ်ဝင်စားစွာ လာရောက်ဖူးမြော်ကြ၊ လေ့လာကြနှင့်စည်ကားလှသည့်နေရာကို အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်မှုနေရာများကို ဦးတည်ပစ်မှတ်ထား တိုက်ခိုက်လာသည်ဖြစ်ကြောင်း၊ ၎င်းတို့၏ရည်ရွယ်ချက်ကို သဘောပေါက်မိကြမည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့၌ လာရောက်တိုက်ခိုက်ခံရမှုကြောင့် အရပ်သားပြည်သူအမျိုးသမီး သုံးဦးသေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူအမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ အကြမ်းဖက်မှုလုပ်ခဲ့သည့်အဖွဲ့များအနေဖြင့် **နံပါတ် (တစ်)** ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဗြောင်လိမ်ပါကြောင်း၊ **နံပါတ် (နှစ်)** ဒေသခံပြည်သူလူထုကလည်း ထိုဖြစ်စဉ်နှင့်ပတ်သက်၍ KNU၊ PDF အကြမ်းဖက်အဖွဲ့ဝင်များလုပ်သွားသည်ဟု ပြောကြောင်း၊ ထိုအချိန်တွင် ယင်းအကြမ်းဖက်များက ဝေ့လည်ကြောင်းပတ်နှင့်လိမ်ပါကြောင်း၊ သေဆုံးသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးရသယောင်လုပ်ကြောင်း၊ ထိုသို့လုပ်ပြီး CCTV မှတ်တမ်းများ ချပြရန်ပြောကြသည့်အတွက် မိမိတို့အနေဖြင့် အမှန်တကယ်ဖြစ်ပွားခဲ့သည့်ဖြစ်စဉ် နေရာရှိ CCTV မှတ်တမ်းကို ပြသခဲ့ပါကြောင်း၊ ထိုသို့ CCTV မှတ်တမ်းချပြလိုက်သည့်အခါတွင်မူ လျှောချသွားပါကြောင်း၊ CCTV မှတ်တမ်းထွက်လာပြီး အရပ်သားများကို ဦးတည်တိုက်ခိုက်ကြောင်းပေါ်လွင်လာချိန်၌ အားလုံးက မသိချင်ယောင်ဆောင်သည်များ၊ လက်သည်မပေါ်အောင် လုပ်ဆောင်မှုများရှိလာသည်ကိုတွေ့ရှိရကြောင်း၊ စာထုတ်ခြင်း၊ ကန့်ကွက်ခြင်းများကို အမြဲမပြတ်လုပ်လေ့ရှိသည့် သံရုံးဆိုသည့် ရုံးများ၊ အမည်မျိုးစုံနှင့် အဖွဲ့အစည်းများအားလုံး နူတ်ပိတ်နေသည်ကို တွေ့ရပါကြောင်း၊ ကချင်ပြည်နယ် အနန့်ပါ၌ ဖြစ်ခဲ့သည့်ဖြစ်စဉ်ဆိုလျှင် စာမျိုးစုံထုတ်ကြပါကြောင်း၊ ယင်းဖြစ်စဉ်သည် သောင်းကျန်းသူ၏ နေရာတစ်ခုသာဖြစ်ကြောင်း၊ စျေးတန်းလည်းမဟုတ်ကြောင်း၊ ထိုနေရာသို့ KIA ခွင့်ပြုချက်မရဘဲ မည်သူမျှဝင်ခွင့်မရပါကြောင်း၊ အကြမ်းဖက်အဖွဲ့များ၊ သောင်းကျန်းသူများရှိသည့် နေရာတွင် ထိုဖြစ်စဉ်မျိုးဖြစ်လျှင် စာထုတ်ကြပြီး ဗုဒ္ဓဘာသာဝင်အများစု၊ နိုင်ငံခြားခရီးသွားအများစု သွားနေသည့်နေရာ၌ အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်သည်ကိုမူ မသိချင်ယောင်ဆောင်နေခြင်းသည် ထူးထူးဆန်းဆန်း ငြိမ်သက်နေခြင်းမျိုးဖြစ်သည်ဟု သာပြောလိုပါကြောင်း၊ ဒါဟာအဖြေပဲဖြစ်ကြောင်း၊ ၎င်းတို့လုပ်ရပ်များ၊ လုပ်ဆောင်ချက်များသည် မြန်မာပြည်သူများအတွက်လား၊ ၎င်းတို့လိုလားချက်အတွက်လားဆိုသည်ကို သဲသဲကွဲကွဲမြင်ကြရမည်ဖြစ်ကြောင်း။

ပစ္စည်းလက်ခံသည့်နေရာကို ဖောက်ခွဲ

ဆက်လက်ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့ နံနက် ၉ နာရီ ၄၀ မိနစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်၌ မိုင်းပေါက်ကွဲမှုဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ **စာမျက်နှာ ၁၄ သို့ ❍**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါဖူမီယိုက ပြည်ထဲရေးဝန်ကြီးအား နိုင်ငံရေးရန်ပုံငွေ အချက်အလက်မှားယွင်းမှုကြောင့် ရာထူးမှ အနားပေး

တိုကျို နိုဝင်ဘာ ၂၀

နိုင်ငံရေးရန်ပုံငွေအသေးစိတ် အချက်အလက် ပေးပို့မှုနှင့်ပတ်သက်ပြီး မှားယွင်းစွာတင်သွင်းခဲ့မှု ကြောင့် အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးဖြစ်သည့် ပြည်ထဲ ရေးဝန်ကြီး တီရာဒါ မီနိုရှုအား ဂျပန်ဝန်ကြီးချုပ် ကီရှီဒါဖူမီယိုက ရာထူးမှ အနားပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကီရှီဒါဖူမီယို သည် ပြည်ထဲရေးဝန်ကြီး တီရာဒါ မီနိုရှုကို နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ဝန်ကြီး ချုပ်ရုံးသို့ ဆင့်ခေါ်ခဲ့ပြီး ရာထူးမှ နုတ်ထွက်စာတင်ခိုင်း ပြီး ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထဲရေးဝန်ကြီး တီရာဒါမီနိုရှု၏ နိုင်ငံရေး ရန်ပုံငွေနှင့် ပတ်သက်သည့် အဖွဲ့တစ်ဖွဲ့တွင် သေဆုံး သူတစ်ဦးအား ယင်းအဖွဲ့၏စာရင်းကိုင်အဖြစ် စာရင်း သွင်းထားကြောင်း ဖော်ထုတ်တွေ့ရှိပြီးနောက် ၎င်း အား စစ်ဆေးမေးမြန်းအရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် ကီရှီဒါက အစိုးရအဖွဲ့ဝန်ကြီးများ သည် ၎င်းတို့၏ တာဝန်ခံမှုကို အပြည့်အဝ တာဝန် ယူရမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။

နိုင်ငံရေးရန်ပုံငွေထိန်းချုပ်ရေး ဥပဒေကို ကြီးကြပ်သည့် ပြည်ထဲရေးဝန်ကြီးဌာနကို ဦးဆောင် ရန် တီရာဒါမီနိုရှုသည် မထိုက်တန်ဟု ဝန်ကြီးချုပ် ကီရှီဒါအား အတိုက်အခံပါတီများက တောင်းဆိုခဲ့သည်။

တီရာဒါမီနိုရှုသည် ဟီရိုရီးမားမြို့မှ အောက် လွှတ်တော်အမတ်အဖြစ် ၎င်း၏ (၆)ကြိမ်မြောက် သက်တမ်းကို ထမ်းဆောင်ခဲ့သည်။ ထို့ပြင် တီရာ ဒါမီနိုရှုသည် ဝန်ကြီးချုပ်ကီရှီဒါ ဦးဆောင်သော အဖွဲ့ခွဲတစ်ခု၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ယခုနှစ် နွေရာသီအပြောင်းအရွှေ့တွင် ပထမဆုံးအကြိမ် အစိုးရအဖွဲ့ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

တီရာဒါမီနိုရှုသည် ဝန်ကြီးချုပ်ကီရှီဒါနှင့် ရင်းနှီး ကျွမ်းဝင်မှုရှိကြောင်း လူသိများသည်။

ပြည်ထဲရေးဝန်ကြီး တီရာဒါမီနိုရှုသည် ဝန်ကြီး ချုပ် ကီရှီဒါလက်ထက် ရာထူးမှ အနားပေးခံရသည့် တတိယမြောက်ဝန်ကြီး ဖြစ်လာခဲ့သည်။

တစ်လအတွင်း ဝန်ကြီးချုပ်ကီရှီဒါ ဦးဆောင် သည့် အစိုးရအဖွဲ့လက်အောက်တွင် တတိယမြောက် ဝန်ကြီးတစ်ဦးအဖြစ် ပြည်ထဲရေးဝန်ကြီး တီရာဒါ မီနိုရှု နုတ်ထွက်ခြင်းသည် ဝန်ကြီးချုပ် ကီရှီဒါနှင့် ၎င်း၏အစိုးရအဖွဲ့အတွက် အကျပ်အတည်းဖြစ်စေ မည်ဟု မျှော်လင့်ရသည်။

ကိုးကား- အင်နန်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

တရုတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ထွက်ရှိမှု အောက်တိုဘာလအတွင်း ၁၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်

ပေကျင်း နိုဝင်ဘာ ၂၀

တရုတ်နိုင်ငံ၏သဘာဝဓာတ်ငွေ့ထွက်ရှိမှုသည် ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ၁၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုး သားစာရင်းအင်းဗျူရိုက ထုတ်ပြန်သည့် အချက် အလက်များအရ သိရသည်။

တရုတ်နိုင်ငံသည် အောက်တိုဘာလအတွင်းက သဘာဝဓာတ်ငွေ့ ကျူဘစ်မီတာ ၁၈ ဒသမ ၅ ဘီလီယံရှိခဲ့ကြောင်းလည်း သိရသည်။ ယခုနှစ်ပထမ ၁၀ လတာကာလအတွင်း တရုတ်နိုင်ငံ၏ သဘာဝ ဓာတ်ငွေ့ထွက်ရှိမှုသည် ကျူဘစ်မီတာ ၁၇၈ ဒသမ ၅ ဘီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၆ ရာခိုင်နှုန်းမြင့်တက်မှုရှိ ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်ပထမ ၁၀ လတာ ကာလအတွင်း ပြည်ပနိုင်ငံများသို့ သဘာဝဓာတ်ငွေ့ ၈၈ ဒသမ ၇၄ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ရှစ်ဦးထပ်မံသေဆုံး

မနီလာ နိုဝင်ဘာ ၂၀

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ရှစ် ဦး ထပ်မံ သေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံး သူပေါင်း ၆၄၄၇၆ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီး ဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီ အတွင်း ရောဂါကူးစက်ခံရသူ ၁၀၆၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၂၅၉၁ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၆၄၇ ဦး ရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများ အနက် ၂၅၅ ဦး သည် မြို့တော် မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော် မနီလာ၌ ရောဂါကူးစက်ခံရသူ ပေါင်း ၁၂၈၉၀၄၂ ဦး ရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ် ကူးစက်မှု အရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇သန်းကျော်ကို ကာကွယ် ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ် ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိ သည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ် ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

❖

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၅၅၀ ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ နိုဝင်ဘာ ၂၀

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၅၅၀ ထပ်မံတွေ့ရှိ ခဲ့ရာ လက်ရှိအချိန်အထိ ရောဂါ ကူးစက်ခံရသူပေါင်း ၄၉၆၅၅၆ ဦး ရှိကြောင်း မလေးရှားကျန်းမာ ရေးဝန်ကြီးဌာနက ယနေ့သတင်း ထုတ်ပြန်သည်။

ရောဂါ ထပ်မံကူးစက်ခံရသူ အားလုံးသည် ပြည်တွင်းကူးစက် ခံရသူများဖြစ်ကြောင်း ကျန်းမာ ရေးဝန်ကြီးဌာန၏ တရားဝင်ကိန်း ဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီ အတွင်း ငါး ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကူးစက်ခံရမှု ကြောင့် သေဆုံးသူပေါင်း ၃၆၅၉၃ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၃၀၀၀ ကျန်းမာရေးပြန်လည်ကောင်းမွန် လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါ ပြန်လည်သက်သာလာသူပေါင်း ၄၉၀၁၉၁၇ ဦးရှိကြောင်း သိရ သည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၇၁၅၆ ဦး ရှိပြီး ယင်းတို့အနက် ၉၁ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၆၃ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရ ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ် ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီး ဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ် ကြိမ်ထိုးနှံမှုခံယူပြီး ဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၈ ရာခိုင်နှုန်း သည် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၇ ရာခိုင်နှုန်းသည် ဒုတိယ အကြိမ် ထပ်ဆောင်းကာကွယ် ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

မလေးရှား ဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်၏ နိုင်ငံရေးဘဝ အဆုံးသတ်ဖွယ်ရှိ

ကွာလာလမ်ပူ နိုဝင်ဘာ ၂၀

မလေးရှား ဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်သည် နိုဝင်ဘာ ၁၉ ရက်က ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် ၎င်း၏ ရာထူးနေရာ ဆုံးရှုံးသွားပြီး ၎င်း၏နိုင်ငံရေးဘဝကို အဆုံးသတ်ဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၉၇ နှစ်အရွယ် မဟာသီယာသည် ကိုယ်စားလှယ်ငါးဦးယှဉ်ပြိုင်သည့် မဲဆန္ဒနယ်တစ်ခုတွင် အတိုက်အခံပါတီ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ သို့သော် ရာထူးသက်တမ်းနှစ်ကြိမ်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း မိုဟာမက်သည် လုံလောက်သည့် ထောက်ခံမဲ မရရှိဘဲ စတုတ္ထနေရာတွင်သာ ရပ်တည်ခဲ့ကြောင်း မလေးရှား ရွေးကောက်ပွဲကော်မရှင်က ဆိုသည်။

အဆိုပါရှုံးနိမ့်မှုသည် ၁၉ဖေ ခုနှစ်နောက်ပိုင်း ပါလီမန်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟောင်း မိုဟာမက်၏ ပထမဆုံး ရှုံးနိမ့်မှုဖြစ်သည်။

မလေးရှားရွေးကောက်ပွဲကော်မရှင်က ယင်းသို့ ပြောကြားခဲ့ပြီးနောက် ဝန်ကြီးချုပ်ဟောင်း မိုဟာမက်၏ နိုင်ငံရေးလမ်းကြောင်း အဆုံးသတ်သွားပြီဟု ယုံကြည်ရကြောင်း ပြည်တွင်းမီဒီယာများက သတင်းဖော်ပြသည်။ ထို့ပြင် ယခုရွေးကောက်ပွဲသည် ၎င်း၏ နောက်ဆုံးရွေးကောက်ပွဲဖြစ်မည်ဟု ရွေးကောက်ပွဲ ဝင်ရောက်မယှဉ်ပြိုင်မီအချိန်တွင် မဟာသီယာ မိုဟာမက်က ပြောကြားခဲ့သည်။

မဟာသီယာသည် ၁၉၈၁ ခုနှစ်မှ ၂၀၀၃ ခုနှစ် အထိ ၂၂ နှစ်ကြာ ဝန်ကြီးချုပ်အဖြစ် ပထမဆုံး ရာထူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ နိုင်ငံရေးမှ အနားယူပြီးနောက် ၂၀၁၈ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးချယ်ခံခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ်တွင် ရာထူးမှ နုတ်ထွက်ပြီးနောက် ညွှန့်ပေါင်းအစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းကာ ယခုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဆန္ဒမဲများရေတွက်နေဆဲဖြစ်ပြီး အာဏာရ ပါတီနှင့် အတိုက်အခံပါတီအင်အားစုတို့၏ ထောက်ခံမဲများသည် အားပြိုင်လျက်ရှိသည်။ ပါတီတစ်ခုတည်းက မဲအများစုကို ရရှိနိုင်ခြင်းမရှိသည့်အတွက် ယခုအခါ ပါတီများ အာဏာရလာရန် ရွေးကောက်ပွဲလွန် မဟာမိတ်ဖွဲ့မည့်နည်းလမ်းကို ရွေးချယ်ကျင့်သုံးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ကိုးကား- အင်နန်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ နှစ်နိုင်ငံပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်

တိုကျို နိုဝင်ဘာ ၂၀

ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန်လေတပ်ဖွဲ့တို့သည် နိုဝင်ဘာ ၁၉ ရက်တွင် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူရှူးကျွန်းတွင် ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံ ကျူရှူးကျွန်း၌ ပြုလုပ်သည့် အဆိုပါနှစ်နိုင်ငံ ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှု အစီအစဉ်တွင် ဂျပန်နိုင်ငံမှ F-2 တိုက်ခိုက်ရေးလေယာဉ်ငါးစင်းနှင့် အမေရိကန်နိုင်ငံမှ B-1 ဗုံးကြဲလေယာဉ်နှစ်စင်းတို့ပါဝင်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ဗုံးကြဲလေယာဉ်များနှင့်အတူ ဂျပန်နိုင်ငံမှ လေယာဉ်များ ပူးတွဲပျံသန်းနေသည့် ဓာတ်ပုံများကိုလည်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြသခဲ့သည်။ အဆိုပါ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုသည် မည်သည့်အခြေအနေတွင်မဆို တုံ့ပြန်နိုင်ရန်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့တို့၏ အမြဲတမ်းအသင့်ရှိမှုကို ဖော်ညွှန်းခြင်းဖြစ်ကြောင်းလည်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက နိုဝင်ဘာ ၁၈ ရက်တွင် တိုက်ချင်းပစ်ဒုံးကျည်ပစ်လွှတ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံဝန်းကျင်တွင် လုံခြုံရေးပိုင်းဆိုင်ရာကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းလည်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ကိုးကားပြောကြားသည်။

ကိုးကား-အင်နန်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၂၁၇ ဦး ထပ်မံတွေ့ရှိ

မော်စကို နိုဝင်ဘာ ၂၀

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၁၇ ဦးထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၅၃၆၂၂၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၉၁၄၅၅ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၄၄၃ ဦးထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၉၄၃၉၂ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၄ဖဖ၃၅ ဦးရှိလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

ရာသီဥတုဘေးသင့် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ရန် ကုလသမဂ္ဂ COP27 ရာသီဥတုညီလာခံ၌ သဘောတူညီ

ကိုင်ရို နိုဝင်ဘာ ၂၀

အီဂျစ်နိုင်ငံရှိ ကုလသမဂ္ဂ COP27 ရာသီဥတုညီလာခံသို့ တက်ရောက်လျက်ရှိသည့် ကိုယ်စားလှယ်များသည် ရာသီဥတုဘေးသင့် နိုင်ငံများ၏ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ရန် သဘောတူညီခဲ့ကြကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါ သဘောတူညီချက်သည် ကုလသမဂ္ဂ မူဘောင်အောက်တွင် ပထမဆုံးသော သဘောတူညီချက်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအား ရာသီဥတုဖောက်ပြန်မှုကြောင့် ဆုံးရှုံးမှုများအတွက် ထောက်ပံ့ကြေးငွေရရှိရန် ပမာဏအပေါ် ခွဲခြားသတ်မှတ်မည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများက ရာသီဥတုဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ထောက်ပံ့ကြေးငွေရရှိရန် တောင်းဆိုလျက်ရှိစဉ် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများသည်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး သတိရှိရှိ ကိုင်တွယ်လျက်ရှိကြောင်း သိရသည်။

COP27 ရာသီဥတုညီလာခံကို နိုဝင်ဘာ ၆ ရက်တွင် စတင်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုများကို လာမည့်အစည်းအဝေးများတွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား- အင်နန်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

❍ စာမျက်နှာ ၁၁ မှ

သေဆုံးသွားသည့်အထဲတွင် နိုင်ငံရေးအကျဉ်းသားများ၏ မိခင်များ ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း လူသားချင်းစာနာထောက်ထားပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း များစွာဝမ်းနည်းသည်ဟု ပြောလိုပါကြောင်း၊ မိုင်းဖောက်ခွဲသည့်သူများက ပစ္စည်းလက်ခံသည့်နေရာကို ဖောက်ခွဲခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ အကြံအစည်က ဘာလဲဆိုသည်ကို သိရမည်ဖြစ်ကြောင်း၊ ယင်းပစ္စည်းကို အကျဉ်းထောင်ထဲအထိ ရောက်အောင်ပို့၊ အကျဉ်းထောင်ထဲ၌ ဖောက်ခွဲပြီး အကျဉ်းသားများကို နှုတ်ပိတ်လိုရ၍လားပင်မသိကြောင်း၊ ယင်းဖြစ်စဉ်တွင် အရပ်သားပြည်သူ ရှစ်ဦးသေဆုံးပါကြောင်း၊ ဝန်ထမ်းငါးဦးအပါအဝင် ပြည်သူ ၁၃ ဦး စုစုပေါင်း ၁၈ ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ အင်းစိန်ဗဟို အကျဉ်းထောင်၌ ဖြစ်ခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်ပြီးလည်း တရားခံများ ဖမ်းဆီးရမိပြီးဖြစ်ကြောင်း၊ တရားခံများ၏ ထွက်ဆိုချက်များကို ပြသပြီး ဖြစ်ကြောင်း၊ ထို့ပြင် ကျိုက်ထီးရိုး၌ ဖြစ်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရေးအတွက် CID က ဒုတိယ အကြီးအကဲကိုယ်တိုင် သွားရောက်ပြီး စုံစမ်းစစ်ဆေးခဲ့ကြောင်း၊ သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့်နေရာများ၊ ပစ်ခတ်သည့်လမ်းကြောင်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များရှိခဲ့သည့်နေရာများကို ပြသပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ပြောလိုသည်မှာ အကြမ်းဖက်အဖွဲ့များနှင့်ပတ်သက်ပြီး အနှစ်ချုပ်ပြောရလျှင် မည်သူတို့ကို ဦးတည်ပြီး တိုက်ခိုက်နေပါသလဲ၊ မည်သည့်အဖွဲ့အစည်းကို ပစ်မှတ်ထားသည်ဆိုခြင်းထက် ပြည်သူကို ဦးတည်ပစ်မှတ်ထားသည်ဆိုသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်လုပ်ငန်းလုပ်ဆောင်ရာ၌ ပြည်သူဆိုသည့်အပြင် အချင်းချင်းကိုပင် ထိခိုက်သေကျေအောင်တိုက်ခိုက်နေသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ မြန်မာပြည်သူများအတွက် အစချီခေါင်းစဉ်တပ် စာထုတ်နေသူများကရော အမှန်တကယ်ပင် ပြည်သူအတွက်ဟုတ်ပါသလား၊ ပြည်သူအတွက် ဟုတ်သည်ဟူ၍ မိမိတို့ပြည်သူများကရော ယုံကြည်ပါ၏လားဟု မေးခွန်းထုတ်ရင်း မိမိ၏ရှင်းလင်းမှုကို နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၀

မြဝတီ–ဘားအံ–ရန်ကုန်သွားကားလမ်း အမှတ်(၁)လမ်းမကြီးနှင့် အမှတ်(၂)လမ်းဆုံ မင်းလွင်ကုန်းကျေးရွာအနီး၌ ဖမ်းဆီးရမိမှု။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ဝ,ဝ၀၀,ဝ၀၀)ကို လည်းကောင်း၊ မြဝတီ – ဘားအံ – ရန်ကုန်သွားကားလမ်း အမှတ်(၁)လမ်းမကြီးနှင့် အမှတ်(၂)လမ်းဆုံ မင်းလွင်ကုန်းကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လုပ်ငန်းသုံးစက်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၅,ဝ၀,ဝ၀,ဝ၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ် နှစ်တွဲနှင့် Tractor Head နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,ဝ၀,ဝ၀,ဝ၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂,ဂ,၈၀,၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများ၏ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လေဆိပ်ကုန်လှောင်ရုံ၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲတင်သွင်းလာသည့် ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄,၆၀,၀၀,၀၀)ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် စတီးပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၇,၀၀,၀၀,၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,၄,၀၀,၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြိတ်–ထားဝယ် ကားလမ်း ပေါက်တိုင်းတံတား စစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၃,၇၅,၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus အမျိုးအစားယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅,၀၀,၀၀,၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈,၃,၇၅,၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ကြွေပြားချပ်များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄,၉,၄,၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉,၀၀,၀၀,၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉,၁,၄,၉,၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့နယ် တကောင်းရပ်ကွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အေးခဲအမဲသားပိသာ ၆,ဝ၀,ဝ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃,ဝ၀,ဝ၀,ဝ၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၃ ဒသမ ၉၅၈၈ တန်(ခန့်မှန်းတန်ဖိုးငွေ ၁၆,၈၃,၂,၀၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု(ခန့်မှန်းတန်ဖိုးငွေ ၄,၄,၇၆,၆၀,၇,၈ ကျပ်)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁၁-၂၀၂၂ တနလင်္ဂနေ

MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ရုတ်နသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၀ မွေးမြူရေးရာအကြောင်း
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၁:၃၅ "ဘဝနှင့်အနုပညာ" "အားလုံးကချစ်တဲ့ဒီကောင်မလေးထပ်ဆင့်အကယ်ဒမီတေးသံရှင်ချိုမြူး" (အပိုင်း–၃)
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ "အတိုးပေးတဲ့...ဒီးဝေး" (အပိုင်း–၁၂)
- ၁၃:၃၀ MRTV National News
- ၁၅:၃၀ ကာတာကဟ္ဘဇလားဌေနဥယျပွဲကြို သုံးသပ်ချက်များ
- ၁၆:၀၀ ပျိုးဝုက်တင့်စေဆိုကရေးဂီးအမွေ
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၀ This Week Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း–၄၀)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြပြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတာက်" (အပိုင်း–၉)

mtv

- 07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 A Happy Visit to Zoological Garden (Nay Pyi Taw)
- 07:20 Done Nyaung Hmaing: A New Tourism Spot
- 07:31 Myanmar Puppet
- 07:38 Moyingyi Wildlife Sanctuary
- 07:56 Inn-Waing Waterfall
- 08:01 News
- 08:27 Asia Updates: Princess of the beavers (P-1)
- 08:48 Myanmar Traditional Bullock-Cart & Equestrian Racing
- 09:01 The Man and The Elephant (Part-I)
- 09:17 Discovering Tribes "Rvwang" Their Life and Customs (Part-2)
- 09:46 Natural Lake: Fish Breeding Business
- 09:26 Mahavihara: From Forest Monastery to Dhamma-Vinnya University
- 10:01 News
- 10:27 Topical Topics
- 10:32 Dances of Myanmar: Akha Traditional Dance

MRTV NRC

- အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) ဘုရင်ညီရှုသို့အလည်သွားကြရအောင်
- "ဝ" (၁၅:၀၀) မှ (၁၅:၀၀) ထိ ဗုဒ္ဓဂါယာသို့အလည်တစ်ခေါက်
- ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) မီးပွားဖြစ်လာသည့်ချင်းရိုးရာအထည်လုပ်ငန်း
- ကချင် (၁၅:၀၀) မှ (၁၅:၀၀) ထိ လီဆူရိုးရာ၀တ်စားဆင်ယင်ပုံ
- ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀) မိုတိုင်းပုန်းနဲ့ကျန်းမာရေး
- ကယား (၁၉:၀၀) မှ (၂၁:၀၀) ထိ တစ်နယ်တစ်ဝကျားကယားတို့ရွာ
- မွန် (၀၉:၀၀ မှ ၁၁:၀၀) မွန်ဘာသာစကားပြောကြရအောင်(အပိုင်း–၅)
- ဝေကကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ ကောက်ညင်းကျည်တောက်လုပ်စားနည်း
- ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) ပြိုးပဒေသာ(အပိုင်း–၁)
- အနောက်ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ မြန်ဟုလက်မှုပညာပုသိမ်ထီးလုပ်ငန်း
- ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) ကျိုင်းတုံ–မိုင်းပျဉ်းကြားကရှမ်ပြီးတဲ့လမ်းခရီး

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ ဝေးသီချင်း
- ၀၆:၃၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ ဗွဲ့ပြိုးစည်ပင်စစ်ကိုင်းတိုင်းဒေသကြီးတစ်ခွင်
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို "အကျိုးဖျက်ဆီးမှုအကြောင်းသိမှတ်စရာ ဥပဒေမှာ"
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၂)
- ၁၁:၀၀ ဌေးချယ်တင်မြွှာက်ပုံစနစ်(အပိုင်း–၂)
- ၁၁:၃၀ "အတွေ့အမြင်" အပိုင်း(၂)

MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၆:၅၀ ကယားပြေပုံဆောင်းအာလူး
- ၀၈:၃၅ သတိပြုစရာ ကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါ
- ၀၈:၅၅ ဝင်ငွေတိုးပွားရေးသဲကွား
- ၀၈:၃၀ "စာသင်ခန်းမသည်လယ်တောဆီ" (ဇာတ်လမ်းတို)
- ၀၈:၃၀ ငလိုက်စသန်းသာအပန်းဖြေဆင်စသန်း
- ၀၉:၂၅ "သုတဝေဈင်တောင်သူဆီ"
- ၀၉:၂၅ ပန်းမြတ်သင်

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ SPORTS NEWS
- ၀၇:၃၀ ရင်ခုန်ခံစားဖွယ်ကာတာကဟ္ဘဇလား / Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားပြန်မာနေ့ရှင်နယ်လင်ဘောရုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဇနေ့၊ တနင်္ဂနွေ၊ မွန်အပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ရွှေကျင်မြို့နယ် ရွှေကျင် - ကျောက်ကြီးသွားကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားကို ယနေ့နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တုံးတံတားကျေးရွာ၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ ရွှေကျင်-ကျောက်ကြီးသွားကားလမ်းပေါ်ရှိ အရှည်ပေ ၅၀၊ အကျယ် ပေ ၃၀ သံကူကွန်ကရစ်အမျိုးအစား သရက်ချောင်း ချောင်းကူးတံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားသည်ကို တွေ့ရှိရပြီး တံတားကြမ်းခင်းအလျား ၁၂ ပေ၊ အကျယ် ၂၅ ပေခန့် ပြိုကျပျက်စီးခဲ့သည်ကို တွေ့ရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာသူကျေးရွာသားများကို သွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်း ဖြစ်ကြောင်း၊ အဆိုပါ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်းနှင့် တံတားပျက်စီးမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရွှေကျင် – ကျောက်ကြီးသွားကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏဒီပရပ်ကွက်နေ ထူးနိုင်အောင်သည် ၎င်းအသုံးပြုသည့် "Htoo Naing Aung" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအနောက်ရပ်ကွက်နေ အိသက်သက်ဖြူသည် ၎င်းအသုံးပြုသည့် "Ei Thet Thet Phyu" Facebook အကောင့်၊ မေယဂီရိရပ်ကွက်နေ သိန်းကြွယ်သည် ၎င်းအသုံးပြုသည့် "U Thein Kyawal" Facebook အကောင့်၊ မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာနေ ဇော်လင်းဦးသည် ၎င်းအသုံးပြုသည့် "Zaw Linn Oo" Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ် ခရမ်းညောင်ပင်ကျေးရွာနေ ဝေဖြိုးလင်း (ခ) ကိုဖြိုးသည် ၎င်းအသုံးပြုသည့် "Wai Phyo Lin (Ko Phyo)" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဆောင်းဦးရာသီ အခြေခံအားကစားသင်တန်းဆင်း၊ ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၂၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လွိုင်ကော်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဆောင်းဦးရာသီ အခြေခံအားကစားသင်တန်း သင်တန်းဆင်း၊ ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အားကစားရုံ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင် စသည့်အားကစားနည်းများကို နိုဝင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အားကစားနည်းများအလိုက် ပြိုင်ပွဲများကိုကျင်းပပေးခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် ဆုရရှိကြသည့် အားကစားသမားများအား ပြည်နယ်အားကစားနှင့်ကာယပညာ ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ အားကစားနည်းများအလိုက် သင်တန်းဆင်းလက်မှတ်နှင့် ဆုရရှိသူများ အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)

❖

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၁-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၄၀	၂၀၈၅	၂၀၈၀	၂၀၅၀	၂၀၈၅	၂၁၁၀	၂၀၉၅	၂၀၇၅	၂၁၆၅	၂၁၈၀	၂၀၈၀	၂၀၈၅	၂၁၂၀	၂၁၂၅	၂၁၂၅	၂၃၄၅	၂၉၂၀
95 Ron	၂၁၄၀	၂၁၉၀	၂၁၈၅	၂၁၅၀	၂၁၈၅	၂၂၁၀	၂၁၉၅	၂၁၇၅	၂၂၆၅	၂၂၈၅	၂၁၈၀	၂၁၉၅	၂၂၂၅	၂၂၂၅	၂၂၂၅	၂၄၄၅	၃၀၀၀
HSD (500 ppm)	၂၅၀၅	၂၅၅၅	၂၅၅၀	၂၅၁၅	၂၅၅၀	၂၅၇၅	၂၅၇၀	၂၅၄၀	၂၆၅၅	၂၆၅၀	၂၅၄၅	၂၅၅၅	၂၅၉၀	၂၅၉၀	၂၅၉၀	၂၈၁၀	၃၆၄၀
HSD (50 ppm)	၂၅၈၀	၂၆၃၀	၂၆၂၅	၂၅၉၀	၂၆၂၅	၂၆၅၀	၂၆၄၅	၂၆၁၅	၂၇၃၀	၂၇၂၅	၂၆၂၀	၂၆၃၀	၂၆၆၅	၂၆၆၅	၂၆၆၅	၂၈၈၅	၃၆၆၅
HSD (10 ppm)	၂၅၈၀	၂၆၃၀	၂၆၂၅	၂၅၉၀	၂၆၂၅	၂၆၅၀	၂၆၄၅	၂၆၁၅	၂၇၃၀	၂၇၂၅	၂၆၂၀	၂၆၃၀	၂၆၆၅	၂၆၆၅	၂၆၆၅	၂၈၈၅	၃၆၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၄၂	၂၀၁၄
95 Ron	၂၀၄၀	၂၁၁၄
HSD (500 ppm)	၂၃၉၄	၂၄၇၁
HSD (50 ppm)	၂၄၆၇	၂၅၄၆
HSD (10 ppm)	၂၄၆၇	၂၅၄၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

သီတဂူသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များရှိ မိသားစုများက အလှူတော်ငွေပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၀

သီတဂူသာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများက အလှူတော်ငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ ရွှေကျင်နိကာယဥ္စပဥ္စကွဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဉာဏိသရ ကြွရောက်ချီးမြှင့်တော်မူပြီး တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းလှူဒါန်းသည့် အလှူတော်ငွေကျပ် ၁၅၄ သိန်းနှင့် လှူဖွယ်ဝတ္ထု၊ ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ သီတဂူဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏာသီရိမြို့နယ်ရှိ သဒ္ဓမ္မဝေဝုလ္လကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ သုံးပါးရတနာကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ အောင်သီတာပရိယတ္တိစာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ပြင် ထီးလင်းကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ မြနန္ဒာကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ တန်ခိုးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သဒ္ဓမ္မဒီပက(ဖျာပုံ) ပရိယတ္တိစာသင်တိုက်၊ ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဒူကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နတ်တလင်းမြို့နယ်၌ သမဝါယမအသင်းသားများပိုင် လယ်မြေများမှ ရတနာတိုး စပါးများ စိုက်ပျိုးထွက်ရှိ

ပဲခူး နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်ရှိ ပဒုမ္မာလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားပိုင်လယ်မြေ ၄၃ ဧကာ၊ ဖလံပင်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားပိုင်လယ်မြေ ၄၁ ဧကနှင့် ကျခတ်ပန်းဝေဠုမြိုင်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားပိုင်လယ်မြေ ၃၂ ဧက စုစုပေါင်းလယ်မြေ ၁၁၆ ဧကပေါ်တွင် ရတနာတိုးစပါးများ စိုက်ပျိုးခဲ့ရာ ယခုရိတ်သိမ်းချိန်တွင် တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း တင်း ၇၀ ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၂၀

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၆၀၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့၌ ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ စျေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ရှိ ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၀၆၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၄၆ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၁၄၈ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၅၄ ဦး၊ မျက်စိရောဂါ ၃၁၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၀၂ ဦး စုစုပေါင်း ၁၀၆၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ နှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၅၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၁၂)ကြိမ်မြောက် အာဆီယံ+၃ ကူးစက်ရောဂါဗေဒဆိုင်ရာသင်တန်းကွန်ရက်၏ ကြီးကြပ်ရေးကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အတွင်း ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ+၃ ကူးစက်ရောဂါဗေဒဆိုင်ရာသင်တန်းကွန်ရက်၏ ကြီးကြပ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်နှစ်ဦးသည် နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်အမှတ် 8M 331/BI 520 ဖြင့် ထိုင်းနိုင်ငံမှ တစ်ဆင့် ဘရူနိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

အာဆီယံ+၃ ကူးစက်ရောဂါဗေဒဆိုင်ရာသင်တန်းကွန်ရက်သည် လေးကြိမ်မြောက် အာဆီယံနိုင်ငံများရှိ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ ရလဒ်အဖြစ် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်းကွန်ရက်၏ ကြီးကြပ်ရေးကော်မတီတွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှကိုယ်စားလှယ်များ ပါဝင်ကြောင်းနှင့် ရည်ရွယ်ချက်များ အနေဖြင့် ကူးစက်ရောဂါများနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်ရန်၊ အတွေ့အကြုံနှင့် သတင်းအချက်အလက်များ မျှဝေရန်၊ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းများပေးရန် အစရှိသည်တို့ပါဝင်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခြင်းကြောင့် ဒစ်ဂျစ်တယ်ကျန်းမာရေးစနစ်သည် မရှိမဖြစ်လိုအပ်ကြောင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်သေပြလျက်ရှိရာ ယခုနှစ်တွင်ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ+၃ ကူးစက်ရောဂါဗေဒဆိုင်ရာသင်တန်းကွန်ရက်၏ ကြီးကြပ်ရေးကော်မတီအစည်းအဝေးတွင် ဒစ်ဂျစ်တယ်ကျန်းမာရေးနည်းပညာအား နိုင်ငံများအကြားဆက်သွယ်ခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း၊ ကူးစက်ရောဂါရှာဖွေခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းနှင့် ကာကွယ်ဆေးများထိုးနှံပေးခြင်းကိစ္စရပ်များတွင် ထိရောက်စွာအသုံးပြုနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

ခေါင်လန်ဖူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် ဒေသစီးပွားမြှင့်တင်ပေးနိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

ခေါင်လန်ဖူး နိုဝင်ဘာ ၂၀

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဒေသစီးပွားမြှင့်တင်ပေးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့် အတူ နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် နောင်မွန်းမြို့မှ တစ်ဆင့် ခေါင်လန်ဖူးမြို့သို့ မဂ္ဂေ-ခေါင်လန်ဖူးလမ်းအတိုင်း ထွက်ခွာခဲ့ကြပြီး အမြင့်ပေ ၇၇၀၀ ရှိ ဆန်းလွတ်ချက်တောင်ထိပ်၌ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ထလားလော်ကျေးရွာသို့ ရောက်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ မဂ္ဂေ-ခေါင်လန်ဖူးလမ်းပိုင်းအတွင်းပေ ၈၀ အရှည်ရှိ ကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ခေါင်လန်ဖူးမြို့သို့ ရောက်ရှိပြီး ဂီထော့တောင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က ခေါင်လန်ဖူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်

သွားရမည့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရေး၊ ထို့အပြင် ဒေသ၏ ရိုရင်းစွဲ သဘာဝအလှအပများသည် ခရီးသွားလုပ်ငန်းဖြင့် အရှိန်အဟုန် တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဒေသခံများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး အားလုံးက ဝိုင်းဝန်းကြိုးစားကြရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ခေါင်လန်ဖူးမြို့၌ ဧည့်ရိပ်သာတည်ဆောက်နိုင်ရေး လျာထားမှုပုံစံနှင့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ခေါင်လန်ဖူးမြို့ ကွက်သစ် ဖော်ဆောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတား၊ အဆောက်အအုံ လိုအပ်ချက်များနှင့် သောက်သုံးရေလုံလောက်မှုရှိစေရေး၊ လျှပ်စစ်မီးလင်းရေးအတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခ၌ မြို့မိမြို့ဖများ၊ ရဝမ်နှင့် လီဆူတိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ခြံစောင့်နှင့် အနွေးထည်များကို ထောက်ပံ့ပေးအပ်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂီထော့တောင်ခန်းမ၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်များ တိုးတက်လာစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မတည်ထောက်ပံ့ပေးနိုင်ရေးအတွက် ဒေသခံစိုက်ပျိုးမွေးမြူရေးတောင်သူများနှင့် တွေ့ဆုံပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မတည်ထောက်ပံ့နိုင်သည့် ချေးငွေဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ နည်းပညာနှင့် သွင်းအားစုများ ကူညီ ပံ့ပိုးပေးနိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

မိုင်းယောင်း နိုဝင်ဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟောင်ကြန့်အုပ်စု ယမ်းခမ်း+ဟောက်ကွေ့ ကျေးရွာများရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲမှုလျော့ကျစေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ်မြောက် ပြန်လည်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာများအရောက် ကွင်းဆင်းထုတ်ချေးပေးသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းက ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသူ အသင်းသားများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာများရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း ၃၃ ဦး ငွေကျပ် ၂၈၅ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၄၂ ဦး ငွေကျပ် သိန်း ၂၁၀ စုစုပေါင်း အသင်းသူ အသင်းသား ၇၅ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၅ သိန်းအား ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

ညောင်လေးပင်မြို့၌ မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ယနေ့နံနက် ၉ နာရီက မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် အခမ်းအနားအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အဖွင့်မိတ်ဆက်စကား ပြောကြားပြီး ညောင်လေးပင်မြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း-မောင်စုမြင့် (ညောင်လေးပင်)က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာ အသင်းမှ ပေးပို့သော ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ သဝဏ်လွှာအား ညောင်လေးပင်မြို့နယ် စာရေးဆရာ အသင်းဝင် ဒေါ်လှမြတ်နွယ်(လှမြတ်နွယ်-ညောင်လေးပင်)က ဖတ်ကြားပြီး မြန်မာနိုင်ငံစာဆိုတော်နေ့ ဖြစ်ပေါ်လာပုံ အကြောင်းကို ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းဝင်ဦးလှမြင့်(လှမြင့်ဦး-ညောင်လေးပင်)က ရှင်းလင်းဟောပြော

သည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟိုအလုပ်အမှုဆောင်) ညောင်လေးပင်မြို့နယ် စာရေးဆရာ အသင်း(နာယက) ဆရာဦးမြင့်သန်း (ဒေါက်တာ မြင့်သန်း-ညောင်လေးပင်)က "လက်ဆောင်"အမည်ရှိ ရသစာပေ အကြောင်းကို ဟောပြောပြီး စာဆိုပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှောက်သောအားဖြင့် ကဗျာဆရာကြီး တင်မိုး၏ "အလှကိုယ်စီ"ကဗျာအား ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင် ဒေါ်စန်းမြင့်တင်(စန်းမြင့်တင်-နွားထိုးကြီး)က ရွတ်ဆိုဖတ်ကြားသည်။

ဂင်းနောက် မြို့နယ်စာရေးဆရာ အသင်း ရန်ပုံငွေနှင့် သက်ကြီးစာပေ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ရန် ပူဇော်လှူဒါန်းငွေကျပ် ခြောက်သိန်းအား အလှူရှင်များက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများလက်ခံကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စာရေးဆရာများ၊ မြို့မိမြို့ဖများ၊ စာပေဝါသနာရှင်များက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ကြေးမုံ

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကျေးရွာချင်းဆက်လမ်းနှစ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

မကွေး နိုဝင်ဘာ ၂၀

မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၁၅၇ သန်းဖြင့် မကျီးတန်း(ရ) ကျေးရွာအဝင်လမ်းနှင့် ပေါက်တောကျေးရွာအဝင်လမ်း မြေသားတာပေါင်တင်ခြင်း၊ မြေနီခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက်လမ်းများဖြစ်သည့် မကွေး-တောင်တွင်းကြီး-မကျီးတန်း(နဂ)လမ်းမှ မကျီးတန်း(ရ) ကျေးရွာအဝင်လမ်း အရှည် ၃ ဒသမ ၇၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မ မြေသားတာပေါင်တင်ခြင်း၊ မြေနီခင်းခြင်းလုပ်ငန်းနှင့် မကွေး-တောင်တွင်းကြီး-မကျီးတန်း(နဂ) လမ်းမှ မကျီးတန်း(ရ)ကျေးရွာ အဝင်လမ်း အရှည် ၄ ဒသမ ၁၃ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မ မြေသားတာပေါင်တင်ခြင်း၊ မြေနီခင်းခြင်းလုပ်ငန်းနှင့် မကွေး-တောင်တွင်းကြီး-မကျီးတန်း(နဂ) လမ်းမှ မကျီးတန်း(ရ)ကျေးရွာ အဝင်လမ်း အရှည် ၄ ဒသမ ၁၃ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မ မြေသားတာပေါင်တင်ခြင်း၊ မြေနီခင်းခြင်းလုပ်ငန်းနှင့် မကွေး-တောင်တွင်းကြီး-မကျီးတန်း(နဂ) လမ်းမှ မကျီးတန်း(ရ)ကျေးရွာ အဝင်လမ်း အရှည် ၄ ဒသမ ၁၃ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မ မြေသားတာပေါင်တင်ခြင်း၊ မြေနီခင်းခြင်းလုပ်ငန်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၁၅၇ သန်း အသုံးပြုကာ ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဇူလိုင်လမှ စတင်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ငွေကြယ်

ကြားမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ဧရာဝတီ

သိပ္ပံမောင်ဝ

ဝန်ထောက်မောင်လူအေးသည် ရုံးတွင် နေ့ခင်းက အမှုတစ်မှုကို စစ်ဆေးရာ နှစ်ဖက်စလုံးကပင် သက်သေခိုင်လုံနေသဖြင့် စဉ်းစားရ ကျပ်လှသောကြောင့် စိတ်အိုက်၍နေ၏။ ထိုနေ့ပင် စီရင်ချက်ချက မှားမည်စိုးသောကြောင့် နောက်တစ်နေ့မှ စီရင်ချက်ချမည်ဟူ၍ အမှုသည်တို့အား ပြောပြီးလျှင် တရားခွင်မှဆင်း၍ အိမ်သို့ ပြန်လာခဲ့လေသတည်း။

တစ်လမ်းလုံးတွင် အမှုအကြောင်းကိုသာ သို့လော သို့လော တွေးတောလျက်လာ၏။ အိမ်သို့ပြန်ရောက်ပါလည်း ဤအမှုအကြောင်းကိုပင် တွေးတော၏။ ညနေလက်ဖက်ရည်သောက်သော လက်ဖက်ရည်စားပွဲတွင်လည်း အမှုအကြောင်းကို တွေး၏။ ထိုင်နေသည်ဖြစ်စေ၊ ထနေသည်ဖြစ်စေ၊ လမ်းလျှောက်နေသည်ဖြစ်စေ ၎င်းအမှုအကြောင်းမှာ ရစ်ဝဲရစ်ဝဲနှင့် စိတ်ထဲတွင်နေ၏။ သို့သော် ဆုံးဖြတ်ချက်ကိုကား တွေးတော၍မရသဖြင့် အခက်နှင့်တွေ့ကြုံရ၏။

အကြံကောင်းများ ရလိုရငြား နေစောင်းသွားလျှင် အိမ်မှထွက်၍ ဧရာဝတီမြစ်ကမ်းခြေသို့ လမ်းလျှောက်ထွက်သွား၏။ ထိုအခါသည်ကား ဧရာဝတီမြစ်ထဲတွင် ရေနည်းသော တပေါင်းလကုန်ခါစအခါတည်း။ ကမ်းခြေတစ်လျှောက်တွင် သောင်ပြင်ကြီး ထွန်းလျက်နေ၏။ ထိုသို့ထွန်းလျက်နေသော သောင်ပြင်ကြီးမှာ ကမ်းခြေမှ ပေသုံးရာခန့် မြစ်ဘက်သို့ ထွန်းလျက်နေ၏။

ကမ်းနားလမ်းတစ်လျှောက် အရှေ့မှအနောက်သို့ အစဉ်အတိုင်းလျှောက်၍သွားရာ အစိုးရဆေးရုံ၊ အေဘီအမ်မိန်းကလေးကျောင်း၊ စက်ရှင်မင်းကြီးအိမ်၊ အရေးပိုင်မင်းအိမ်၊ ဗိုလ်တဲ၊ ဆရာဝန်ကြီးအိမ်၊ အရာရှိများ၏အသင်းရုံးတို့ကို အစဉ်အတိုင်းကျော်လွန်၍လာခဲ့၏။ အသင်းရုံးသို့ရောက်လျှင် ကမ်းနားလမ်းဆုံးတော့၏။ ကမ်းပါးအောက်သို့ဆင်းကာ အနောက်ဘက်သို့ ဆက်လက်၍လျှောက်သွားပြန်၏။ အတန်ကလေးသွားမိလျှင် ခံတပ်ပျက်သို့ ရောက်၏။ ဤခံတပ်ကား မြန်မာမင်းလက်ထက်က ဆောက်လုပ်ထားသော ခံတပ်ဖြစ်လေသည်။ ပျက်စီးလျက်နေပေပြီ။

လမ်းလျှောက်ရင်း တစ်လမ်းလုံးအမှုအကြောင်း စဉ်းစား၍လာသောကြောင့် ဘာအကြောင်းကိုမှ မတွေးတောနိုင်။ ဘာအကြောင်းကိုမျှ သတိမရနိုင်၊ အမှုအကြောင်းနှင့်သာ အချိန်ကုန်ခဲ့၏။ သို့သော် ဤခံတပ်ဟောင်းသို့ ရောက်သောအခါ၌မူကား ရှေးဟောင်းနှောင်းဖြစ် မြန်မာမင်းတို့၏အကြောင်းများကို ပြန်လည်ကာ စဉ်းစားမိ၏။ စစ်ဖြစ်စဉ်က မည်သို့တိုက်ခိုက်ကြမည့်အကြောင်း၊ မည်သို့ကျဆုံးကြမည့်အကြောင်းတို့ကို စိတ်ကူးမိ၏။ ဤအခါကျမှ ယခင်စဉ်းစားနေရင်း အမှုအကြောင်းမှာ စိတ်ကူးထဲမှ ပျောက်၍သွားတော့သတည်း။

ခပ်မောမောရှိသဖြင့် ခံတပ်အစွန်းနားရှိ အုတ်များအပေါ်တွင် တက်၍ထိုင်ကာ ဧရာဝတီမြစ်ဘက်သို့ လှမ်း၍ကြည့်၏။ ထိုင်နေရာ အနောက်ဘက် မနီးမဝေးရှိ ရွာမှဆင်း၍ ပျော်ပါးစွာရေခပ်နေကြသည်ကိုမြင်ရလျှင် စိတ်ပျော်ရွှင်၍ လာလေ၏။

ရေအိုးကို ရွက်သူရွက်၊ ဆိုင်းနှင့်ပဲ့ ထမ်းသူကထမ်း၊ ရေအိုးနှစ်လုံးကိုဆင့်ပြီး ရွက်သူရွက်၊ လူနှစ်ယောက် အိုးကြီးကြီးတစ်လုံးကို ထမ်းပိုးနှင့် ထမ်းသူကထမ်း။

အသက်အရွယ် ကြီးကြီးလည်းပါ၊ ငယ်ငယ်လည်းရှိ၊ ယောကျ်ား၊ မိန်းမမကျန် အားလုံးပင် ပျားပန်းခပ်ဘိသကဲ့သို့ သောင်ပြင်ကြီးတွင် ဆင်းသူဆင်း၊ တက်သူတက်နေကြ၏။ အသက်အရွယ်ငယ်သူတို့ အနက် သုံးနှစ်၊ လေးနှစ်မျှရှိကြသေးသော ကလေးများပင်ပါ၏။ အသက်ကြီးသူတို့အနက်လည်း ခုနစ်ဆယ်ကျော်သူတို့ပင် ပါလေသည်။

လူအများ တက်ဆင်းကြသည်မှာ များလှသောကြောင့် သောင်ပြင်တစ်ပြင်လုံး ဖုန်တထောင်းထောင်း ထလျက်ရှိနေ၏။ ဆောင်းတွင်း၌ မြူများအုပ်နေသကဲ့သို့ ဖြစ်လေသည်။ သီချင်းအော်ဆိုသူကလည်းဆို၊ စကားအော်ပြောသူကလည်းပြော၊ တစ်ယောက်ကို တစ်ယောက်အော်ပြီး ခေါ်သူတွေလည်းခေါ် ပျော်လိုက်ကြသည် ဖြစ်ခြင်း။

ရေကူးသူတို့ကလည်း မရှား။ ကစားနေသူတို့ကလည်း အပုံပင်။ ခုန်ပေါက်နေသူတို့ကလည်း အနန္တ။ ပြေးလွှားနေသူတို့ကလည်း စံမရ အောင် များလှစွာ၏။

ပွဲအကြောင်းလည်းပြောကြ၊ ရုပ်ရှင်အကြောင်းလည်းပြောကြ၊ မီးလောင်သည့်အကြောင်းပြောကြ၊ ဓားပြတိုက်သည့်အကြောင်းလည်း ပြောကြ၊ ဆူညံ၍ နေပေသည်။

အချို့က သဲထဲတွင် တောင်ပုံ၊ တောပုံလုပ်ကြ၏။ အချို့က သဲပုံ စေတီတည်ထားကြ၏။ ကလေးများကလည်း ဘုရားဖူးသွားဟန် ဆူညံ၍နေ၏။ လူများဆူညံ၍နေသည့်ကြားတွင် ခွေးများကပါ ပျော်ပါးရှာကြလွန်း၍ ဟိုပြေးဒီပြေး တစ်ပြေးတည်းပြေးလျက်နေကြသည်။

ဟိုသောင်ပြင်ပေါ်တွင် တံငါလုပ်စားကြသော တံငါသည်များ၏ တဲကလေးများမှာလည်း သုံးလေးဆယ်ခန့် ရှာကလေးတစ်ရှာပင်။ ထိုတဲကလေးတို့အနားတွင် ပျော်ပါးစွာကစား၍နေကြသော ကလေးတို့ကလည်း သံပုံးများကို ဆူညံစွာတီးနေကြ၏။ လုံချည်ကွင်းများ၊ အက္ကျီစုတ်များကို အလံထူကာ ဘုရားပွဲတော်လှည့်သကဲ့သို့ စိတ်ထင်ရာလုပ်၍ နေကြကုန်၏။ အရပ်ထဲတွင် သံပုံးတီးသံကို ကြားရလျှင် ဒေါသထွက်ပေလိမ့်မည်။ သို့သော် ဤအချိန်၊ ဤအခါ၊ ဤနေရာ၌ကား သံပုံးတီးသံကိုပင် သာယာသကဲ့သို့ ထင်မှတ်မိ၏။

ရေကူးသူတို့မှာလည်း ရိုးရိုးကူးကြသည်မဟုတ်။ လိုက်ကြ၊ ပြေးကြ၊ သီချင်းဆိုကြ၊ စောင်းမြောင်းပြောဆိုကြ။ ဤအခိုက်တွင် လှေကြီး၊ လှေငယ်၊ ငှက်ကလေးများလည်း မကြာမကြာ စုန်၍သွားကြ၏။ ဆန်၍လည်း လာကြ၏။ ထိုလှေတို့တွင် ပါလာသောသူတို့အား သောင်ပြင်ပေါ်တွင် ရှိနေကြသော သူတို့က လှမ်း၍စကားပြောကြ၏။ လှမ်း၍နောက်တောက်တောက် ပြောကြ၏။ လှမ်း၍စောင်းမြောင်းကာ သီချင်းဆိုကြ၏။

လှေပေါ်တွင် ပါလာသူတို့ကလည်း စိတ်ဆိုးခြင်းမရှိ။ ပြန်လှန်ကာ ပျော်ပါးစွာသီချင်းဆိုကြ၊ နောက်ကြ ပျော်စရာကြီး ဖြစ်လေသည်။ အနီးအနားတွင် လှေများဖြတ်၍ သွားပြန်လျှင်လည်း ရေကူးနေသူတို့မှာ လှေနားသို့ရောက်အောင် ကူးသွားကြ ပြီးလျှင် လှေတွင်တွယ်၍ လိုက်သွားကြသည်။ လှေတွင်ပါလာသူတို့က ထိုးဝါးဖြင့် ရိုက်မယောင်လုပ်ကာ ကစားကြ၏။ တချို့က လှေပေါ်သို့တက်၍ ဝိုင်းဝန်းကာ လှေထိုးကြ၏။ တော်တော်ဝေးဝေးကျမှ လှေပေါ်မှ ခုန်ဆင်းကာ ကမ်းခြေသို့ ကူး၍လာကြကုန်၏။

အချို့လှေတို့မှာလည်း မိမိတို့တွင်ပါလာသော ခရမ်းချဉ်သီး အစရှိသည်တို့ဖြင့် သောင်ပြင်ပေါ်တွင် ပျော်ပါးစွာကစားနေကြသူတို့အား ပစ်ခတ်ကာ ကစားကြ၏။ သောင်ပြင်မှလည်း ပြန်လှန်၍ပစ်ကြ၏။ ပျော်စရာကြီးတစ်ရပ်ဖြစ်ပေသည်။

ဤသို့ ပျော်ပါးစွာကစားနေကြသော သူတို့ကား ထိုအခိုက်တွင်

> ‘ ဟိုသောင်ပြင်ပေါ်တွင်
> တံငါလုပ်စားကြသော တံငါသည်များ၏ တဲကလေးများမှာလည်း
> သုံးလေးဆယ်ခန့် ရှာကလေးတစ်ရှာပင်။
> ထိုတဲကလေးတို့အနားတွင် ပျော်ပါးစွာကစား၍နေကြသော
> ကလေးတို့ကလည်း သံပုံးများကို ဆူညံစွာတီးနေကြ၏။
> လုံချည်ကွင်းများ၊ အက္ကျီစုတ်များကို အလံထူကာ ဘုရားပွဲတော်လှည့်သကဲ့သို့
> စိတ်ထင်ရာ လုပ်၍နေကြကုန်၏။
> အရပ်ထဲတွင် သံပုံးတီးသံကို ကြားရလျှင် ဒေါသထွက်ပေလိမ့်မည်။
> သို့သော် ဤအချိန်၊ ဤအခါ၊ ဤနေရာ၌ကား သံပုံးတီးသံကိုပင်
> သာယာသကဲ့သို့ ထင်မှတ်မိ၏ ’

အပူအပင်မရှိ။ အိမ်သို့ ပြန်ရောက်သွားပြန်လျှင်လည်း အပူအပင်မရှိ။ မိမိတို့လုပ်ကိုင်၍ ရသမျှသော ပစ္စည်းဥစ္စာတို့ဖြင့်သာ တင်းတိမ်၍ နေကြကုန်၏။ အစားအသောက်မှာလည်း ထမင်းနှင့် ပဲပြုတ်၊ ပဲဟင်းကို ရလျှင် ကျေနပ်ကြပေပြီ။ သွားလာရန်မှာလည်း မိမိတို့တွင်ရှိသော ခြေနှစ်ချောင်းကိုပင် အားကိုးကြ၏။ ဖျားနာပြန်လျှင်လည်း ဆရာဝန်ခေါ်ရန် ငွေကြေးများစွာမလို။ အရပ်ထဲတွင်ရှိသော ဆေးမီးတိုနှင့်ပင် ပျောက်ကြ၏။

ဤသို့ ကြည့်ရှုနေရင်း ထိုသူတို့၏ပျော်ရွှင်ခြင်းကို အားကျမိ၏။ မိမိလုပ်ရသောအလုပ်အကိုင်၏ တာဝန်ကြီးခြင်း၊ စိတ်ပင်ပန်းစရာကောင်းခြင်းတို့ တွေးတောမိ၏။ ဤသို့တွေးတောနေရင်းပင်လျှင် မိုးချုပ်၍လာ၏။ နေလည်းဝင်၍သွားစဲစဲ ဖြစ်နေ၏။ နေ၏ နီသောအရောင်သည် မြစ်တစ်မြစ်လုံးတွင် ကျနေသောကြောင့် မြစ်တစ်မြစ်လုံး နီနီရဲရဲကြီးဖြစ်နေ၏။ သောင်ပြင်နှင့် တဲများ အပေါ်သို့ကျနေသော နေရောင်၏ပုံပန်းကိုကား ပြောမပြနိုင် အောင်ရှိ၏။ စိတ်ကြည်နူးစရာကြီးပင်။ စိတ်ကြည်နူး၍နေစဉ်ပင် နေဝင်၍သွား၏။ မှောင်၍လာ၏။ ရေခပ်သူများလည်း ပါး၍သွား၏။ ထိုအခါကျမှ ထိုင်နေရာမှထပြီးလျှင် အိမ်သို့ပြန်ခဲ့၏။ အမှုအကြောင်း စိတ်ထဲတွင်ပြန်၍ပေါ်၏။

၁၉၃၁ ခုနှစ်၊ ဧပြီ ၇ရက်လောက။

■

ပုံပြင်

တစ်လုံး၊ နှစ်လုံး၊ သုံးလုံး

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

တစ်လုံးသည် မိခင်ခိုင်းသည့်အတိုင်း သစ်ပင်ပေါ်တက်ကာ အသီးများကို ခူးမည်ပြု၏။ သို့ရာတွင် သူခူးမည်ဟု လက်လှမ်းတိုင်း သစ်ကိုင်းသည် မြောက်ကာ မြောက်ကာ တက်သွားလေရကား ခူး၍မရဘဲရှိလေ၏။ တစ်လုံးသည် မည်သို့မျှကြိုးစား၍ မရသောအခါ လက်လျှော့၍ ဆင်းလာခဲ့ရလေ၏။ သုံးလုံးလည်း ရလိုရငြား ကြိုးစားကြည့်ပြန်လေသည်။ သို့သော်တစ်လုံးကဲ့သို့ပင် နောက်ဆုံး၌ လက်လျှော့လိုက်ရပြန်လေသည်။ ထိုအခါ နှစ်လုံးက သူကြိုးစားကြည့်လိုပါသည်ဟု ခွင့်တောင်းလေ၏။ တစ်လုံးနှင့် သုံးလုံးတို့က ပြောင်လှောင်ရယ်မောကာ...

“သင်သည် မျက်လုံးနှစ်လုံးရှိသူဖြစ်၍ ရမည်မှာ မလွဲပါ” ဟု ဆိုကြ၏။

သို့ဖြင့် နှစ်လုံးသည် သစ်ပင်ပေါ်တက်ကာ အသီးများကို ခူးရန် လက်လှမ်းလိုက်လေ၏။ သူ့လက်သည် သစ်ကိုင်းနှင့် ထိမိသည်နှင့်တစ်ပြိုင်နက် အသီးတို့သည် တစ်လုံးပြီးတစ်လုံး သူ့လက်တွင်းသို့ ကြွေကျကုန်၏။ အသီးများ အတော်အတန်ရသော် သူသည် သစ်ပင်ပေါ်မှ ဆင်းလာခဲ့လေ၏။ မိခင်သည် အသီးများအားလုံးကို ယူလေသည်။ သို့သော်နှစ်လုံးအား ကျေးဇူးမတင်၊ ပို၍ပင်နှိပ်စက်၏။ အစ်မနှင့် ညီမကလည်း နှစ်လုံးအား မနာလိုဖြစ်ကာ ရှေးကထက် ပိုမိုညှဉ်းဆဲကြ၏။

တစ်ခုသောနံနက်တွင် ညီအစ်မသုံးယောက်သည် ကို မြင်ကြရလေသည်။ ထိုအခါ အစ်မနှင့် ညီမတို့သည် နှစ်လုံးအား သစ်ပင်ခြေရင်းရှိ စည်ကြီးတစ်လုံးအတွင်းသို့ ဝင်နေစေ၏။ ခူးထားသော အသီးများကိုလည်း စည်အတွင်းသို့သွင်းထားလိုက်၏။ အမတ်ငယ်သည် အနီးသို့ရောက်လာသောအခါ အလွန်လှပချောမောသော လုလင်ပျိုတစ်ယောက် ဖြစ်နေကြောင်း သူတို့တွေ့မြင်ရလေ၏။ လုလင်ပျိုသည် ထူးဆန်းသောသစ်ပင်ကြီးကို မြင်လျှင် အံ့သြနေလေ၏။ သူက ထိုသစ်ပင်ကို မည်သူပိုင်ဆိုင်ပါသနည်းဟု မေးမြန်းသည်။ အကယ်၍ သစ်ကိုင်းတစ်ကိုင်းကို ချိုးပေးပါလျှင် အလိုရှိသမျှ အဖိုးအခ ပေးပါမည်ဟုလည်းဆို၏။

တစ်လုံးနှင့် သုံးလုံးတို့က သစ်ပင်ကြီးကို သူတို့ပိုင်ဆိုင်ကြောင်းပြောကြ၏။ ထို့နောက် သစ်ကိုင်းကို ချိုးပေးကြရန် ကြိုးစားကြ၏။ သို့သော် သစ်ကိုင်းသည် သူတို့လက်နှင့် ထိလိုက်တိုင်း အထက်သို့ မြောက်တက်သွားသဖြင့် မရဘဲရှိလေ၏။ ထိုအခါ လုလင်က...

“သင်တို့ ပိုင်ဆိုင်သည်ဆိုလျက်နှင့် သင်တို့မခူးနိုင်သည်မှာ အံ့စရာကောင်းလှသည်” ဟုဆို၏။ မည်သို့ပင်ဖြစ်စေ၊ ညီအစ်မနှစ်ယောက်ကား သူတို့အပင်ဖြစ်ကြောင်း ဇွတ်ပြော၍သာနေလေ၏။ ထိုခဏ၌ စည်တွင်းဝယ်ရှိသော နှစ်လုံးသည် ခူးထားသောရွှေသီးများကို အပြင်သို့လိမ့်ထုတ်လိုက်လေ၏။ သူသည် သူ့အစ်မများ၏မဟုတ်မမှန် ပြောစကားကြောင့် များစွာမကျေမနပ်ဖြစ်နေလေ

မြိုက်မြိုက် သွားရောက်ထိမိလေ၏။ အမတ်ငယ်က အသီးများ မည်သည့်အရပ်မှ ရောက်လာကြောင်း မေးမြန်း၏။ ထိုအခါ တစ်လုံးတို့က သူတို့တွင် အခြားညီမတစ်ယောက် ရှိသေးကြောင်း၊ သို့ရာတွင် သူသည် သာမန်လူကဲ့သို့ မျက်လုံးနှစ်လုံးရှိခြင်းကြောင့် သူစိမ်းအမြင်မခံဝံ့ကြောင်း ပြောပြလေသည်။

ဤတွင် လုလင်သည် ထိုမိန်းကလေးကို မြင်လိုရကား အပြင်သို့ထွက်လာခဲ့ရန် ခေါ်လေ၏။ နှစ်လုံးသည် ချက်ချင်းပင် စည်အောက်မှထွက်လာ၍ လုလင်ရှေ့၌ ရပ်လေ၏။ လုလင်သည် မိန်းကလေး၏ရုပ်အဆင်းကိုမြင်သော် အလွန်နှစ်သက်ခြင်းဖြစ်မိလေ၏။ ထို့နောက် လုလင်က သူ့အား သစ်ကိုင်းတစ်ကိုင်းချိုးပေးနိုင်မည်လားဟု မေးလေသည်။ နှစ်လုံးကလည်း ထိုသစ်ပင်သည် သူ၏သစ်ပင်ဖြစ်သောကြောင့် ချိုးပေးနိုင်ကြောင်း ပြန်ပြောလေ၏။ သို့ပြောပြီး ချက်ချင်းပင် သူသည် အသီးများပြွတ်နေသော အကိုင်းမှတစ်ဆင့် အပင်ပေါ်သို့တက်ကာ အကိုင်းတစ်ကိုင်းကို အလွယ်တကူ ချိုးပေးလိုက်လေ၏။

သစ်ကိုင်းကိုရသော် လုလင်က သစ်ကိုင်းအတွက် မည်မျှအဖိုးအခပေးရမည်နည်းဟု မေးမြန်းသည်။ နှစ်လုံးက အဖိုးအခပေးရန်မလိုပါ။ သူသည် နေ့စဉ်ဒုက္ခရောက်နေရသူဖြစ်သောကြောင့် သူ့အား လုလင်နှင့်အတူခေါ်သွားလျှင် ကျေနပ်ပါပြီဟုဆိုလေ၏။

ထိုအခါလုလင်လည်း ဝမ်းသာအားရပင်နှစ်လုံး

သူ့အား ကောင်းမွန်စွာပြုစုကျွေးမွေးထားလေသည်။ လုလင်သည် နှစ်လုံးအား အလွန်ချစ်ခင်သည် ဖြစ်ရကား မကြာမီ ဇနီးအဖြစ်သိမ်းပိုက်လိုက်လေ၏။

တစ်လုံးနှင့် သုံးလုံးသည် နှစ်လုံးအား များစွာ မနာလိုခြင်းဖြစ်မိ၏။ သို့ရာတွင် ရွှေပင်ကြီးကို သူတို့ ပိုင်ဆိုင်ရတော့မည်ဟုတွေးကာ နှစ်သိမ့်မိကြလေသည်။ သို့သော် သူတို့၏မျှော်လင့်ချက်ကား အချည်းနှီးဖြစ်လေတော့သည်။ အဘယ်ကြောင့်ဆိုသော် နံနက်လင်းသည်နှင့်တစ်ပြိုင်နက် သစ်ပင်ကြီးသည် ထိုနေရာမှ ပျောက်ကွယ်သွားသောကြောင့်ပင် တည်း။

ထိုနံနက်၌ နှစ်လုံးသည် ရဲတိုက်ပြတင်းဝမှ မျှော်ကြည့်လိုက်လျှင်ပင် သူ၏သစ်ပင်ကြီးကို ရဲတိုက်ရှေ့၌ တွေ့ရလေတော့၏။ နှစ်လုံးကား ဝမ်းမြောက်၍ မဆုံးတော့ပြီ။

ထိုသို့ဖြစ်ပျက်ပြီးနောက် ကာလအတန်ကြာသော် နှစ်လုံးသည် သူ၏အစ်မနှင့် ညီမတို့အကြောင်းကို လုံးဝမကြားသိရတော့ဘဲ ရှိလေတော့၏။

တစ်နေ့သောနံနက်တွင် ဆင်းရဲနွမ်းပါးသော မိန်းမငယ်နှစ်ယောက်သည် ရဲတိုက်ရှေ့သို့လာရောက်လျက် ပိုက်ဆံတောင်းခံနေသည်ကို တွေ့ရလေ၏။ နှစ်လုံးသည် သူတို့အနီးသို့ကပ်၍ သေချာစွာ ကြည့်သောအခါ အခြားသူများမဟုတ်၊ သူ၏အစ်မ ‘တစ်လုံး’ နှင့် ညီမ ‘သုံးလုံး’ တို့ဖြစ်ကြောင်း တွေ့ရတော့၏။ သူတို့သည် အလွန်ဆင်းရဲနွမ်းပါးကြသဖြင့် ထိုကဲ့သို့ တောင်းရမ်းစားသောက် နေကြသည်ဟု ပြောပြလေ၏။

စာမျက်နှာ ၂၁ သို့ *

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)

ကဗျာ

ဆု

✧ ပိတောက်ဝါနှင့်
ဝေဆာလှုဒါန်း၊ ဆုကိုညွှန်းလျှင်
ရှင်လန်းကြည်သာ၊ ပြည်မြန်မာ၌
ဝင်းဝါပါစေ၊ ရှေရောင်တွေတည့်။

✧ စံပယ်ဖြူနှင့်
ဆုယူပန်ရည်၊ လှူခဲ့သည်သော်
မြန်ပြည်လူရှင်၊ စိတ်ဖြူစင်၍
ကြည်လင်ပါစေ၊ ဘယာကွေတည့်။

✧ သပြေညိုနှင့်
ဘုန်းမိုမြတ်ဗျား၊ ခဝပ်တွားက
အောင်ငြားရန်မှန်၊ အောင်မှုခြိုး၍
အောင်ပုံတင်စွာ၊ အောင်ဖို့သာတည့်။

✧ မြတ်ရေစင်နှင့်
သခင်ဘုန်းဟော၊ ဂူတော်မွေ့ကို
သွန်း၍ကြည်ညိုး၊ တောင်းဆုဆိုသော်
ရှင်ချိုကြည်အေး၊ ငြိမ်းချမ်းရေးတည့်။

✧ ခေါင်ပရမေကျောင်းမှာလ
ပန်းလောင်းရေဇလာ
သွန်းကာ-ဗျန်းကာ လောင်းတော့သည်။
နောင်အရှည်ကောင်းရန်ဖို့
အောင်ကြောင်းအောင်စေရာ မှန်းကာ-
တမ်းကာ တောင်းတော့သည်။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

*** စာမျက်နှာ ၂၀ မှ**

စိတ်ကောင်းရှိသောနှစ်လုံးသည် သူတို့အား လက်ခံကာ ကောင်းစွာပြုစုကျွေးမွေးလေ၏။ ဤတွင် ညီအစ်မနှစ်ယောက်သည် များစွာနောင်တရကြကာ ယခင်ကဆိုးသွမ်းခဲ့သမျှကို တောင်းပန်ကြကုန်၏။ သူတို့က ထိုနေ့မှစ၍ ကောင်းမွန်စွာနေထိုင်ပါတော့မည်ဟုလည်း ပြောဆိုကတိပေးကြ၏။

ဤသို့အားဖြင့် ညီအစ်မသုံးယောက်သည် ချမ်းမြေ့ပျော်ရွှင်စွာ အသက်ထက်ဆုံး အတူတကွ နေထိုင်ကြလေတော့သတည်း။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

ဝင်စတန်ချာချီ

ဝင်စတန်ချာချီသည် အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ် ရှိုင်းယားရှိဘလင်းဟိန်း(မ်း) နန်းတော်တွင် ၁၈�># ခုနှစ်၌ မွေးဖွားခဲ့ပါသည်။ သူသည် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗြိတိန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ၁၉၅၁ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိလည်း ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ သူသည် အသက် (၉၀) အရွယ် ၁၉၆၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဝင်စတန် လီယိုနာ့(ဒ်) စပင်ဆာ ချာချီသည် သတ္တာမမြောက် မာလ်ဘိုရပ်(ချ်) မြို့စားကြီး၏ မြေးဖြစ်သည်။ သူသည် ကျောင်းတွင် ပညာကောင်းစွာ မသင်ကြားခဲ့သော်လည်း စစ်တပ်ထဲသို့ ဆက်သွယ် ဝင်ရောက်ခဲ့သည်။ သူသည် ကျူးဘား၊ အိန္ဒိယနှင့် ဆူဒန်နိုင်ငံတို့တွင် စွန့်စားမှုများစွာပြုလုပ်ခဲ့သူဖြစ်သည်။

သူသည် ၁၈၉၈ ခုနှစ်တွင် အွန်(မ်) ဂျူမန်စစ်ပွဲတွင် မြင်းစီးစစ်သည်တော်အဖွဲ့ ကြီးကြပ်သူအဖြစ် ပါဝင်ဆင်နွှဲခဲ့ပါသည်။ နောက်တစ်နှစ်တွင် ချာချီသည် စစ်တပ်မှ ထွက်ခွာ၍ ဘိုးရားစစ်ပွဲအတောအတွင်း သတင်းစာသတင်းထောက်တစ်ဦးအနေဖြင့် တောင်အာဖရိကသို့သွားခဲ့သည်။ သူသည် ဒတ်ချ်အမျိုးအနွယ် လယ်သမားတို့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး သူ့ဦးခေါင်းကို အသေရရအရှင်ရရဆုဌေ ထုတ်ထားသည့်အတိုင်း ၂၅ ပေါင် တန်ဖိုးပေးရွေး၍ လွတ်မြောက်ခဲ့သည်။

၁၉၀၀ ပြည့်နှစ်တွင် သူသည် ကွန်ဆာဗေးတစ်တစ်ဦးအနေဖြင့် ပါလီမန်တွင် အရွေးခံခဲ့ရပါသည်။ သို့ရာတွင် ၁၉၀၄ ခုနှစ်တွင် သူသည် သူ့ပါတီနှင့် စကားများပြီး လစ်ဘရယ်ပါတီနှင့် ဆက်သွယ်ခဲ့သည်။ သူသည် အလုပ်သမား ဖလှယ်မှုများ (မကြာခင် ယင်းကို အလုပ်ဌာနများ) ဟုခေါ်ခဲ့သည်ကို စတင်မိတ်ဆက်သောအခါ ကုန်သွယ်ရေးအဖွဲ့ဥက္ကဋ္ဌ (၁၉၀၈-၁၉၁၀) နှင့် ပြည်ထဲရေးအတွင်းရေးမှူး (၁၉၁၀-၁၉၁၁) တို့အပါအဝင် အစိုးရရာထူးများစွာတွင် ဆောင်ရွက်ခဲ့သည်။ ပထမကမ္ဘာစစ်မတိုင်မီနှင့် စစ်ပွဲအတောအတွင်း သူသည် တပ်မတော်ကိစ္စများစီမံခန့်ခွဲရာ ရုံးတော်အကြီးအကဲအဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် သူသည် အစိုးရအလုပ်မှ နုတ်ထွက်ခဲ့ပြီး ပြင်သစ်နိုင်ငံရှိ ကွပ်ကဲအုပ်ချုပ်ရေးတပ်ဖွဲ့သို့ အချိန်အနည်းငယ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ စ စ်ပွဲပြီးသည့်နောက် လစ်ဘရယ်ဝန်ကြီးတစ်ဦးအနေဖြင့် ထပ်မံအမှုထမ်းပြီး သူသည် ကွန်ဆာဗေးတစ်ပါတီသို့ပြန်လာခဲ့သည်။ သူသည် ဘဏ္ဍာတော်ဌာန၏ ကောင်စစ်ဝန်အဖြစ် ၁၉၂၄ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ချာချီသည် ၁၉၃၀ ပြည့်နှစ်များ အတောအတွင်း အစိုးရရာထူးကို မကိုင်တွယ်ခဲ့ချေ။ နောက်ထပ် ကမ္ဘာစစ်၏ အန္တရာယ်တစ်ခုရှိခဲ့ပြီဟု သူသတိပေးခဲ့သော်လည်း လူအများက သူ့စကားကို လျစ်လျူရှုခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ဒုတိယကမ္ဘာစစ် ဖြစ်ပွားသောအခါ ဝန်ကြီးချုပ် နီဗီလီချန်(မ်)ဘာလိန်းက

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

သူ့အား တစ်ကြိမ်ထပ်မံ၍ တပ်မတော်ကိစ္စများစီမံခန့်ခွဲရာ ရုံးတော်အကြီးအကဲအဖြစ် တာဝန်ပေးခဲ့သည်။ ထို့နောက် ၁၉၄၀ ပြည့်နှစ် မေလတွင် ဂျာမန်စစ်တပ်များ ဥရောပကို ကျူးကျော်ခဲ့သောအခါ ဆဋ္ဌမမြောက် ဂျော့ဘုရင်က သူ့အား ဝန်ကြီးချုပ်အဖြစ် တာဝန်ယူစေခဲ့ပြီး ပါတီအားလုံး၏ ညွှန့်ပေါင်းအစိုးရကို ဦးဆောင်စေခဲ့သည်။ သူ၏သတ္တိနှင့် သူ့မိန့်ခွန်း ဟောပြောချက်များသည် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ရေး အနိုင်ယူမှုများကို တွန်းလှန်၍ လူအများကို စိတ်ကူးဉာဏ်ဝင်စေခဲ့ပြီး အောင်ပွဲသို့ ဆက်လက်တိုက်ပွဲဝင်စေခဲ့သည်။ သူ့မိန့်ခွန်းများသည် သူ့ကိုယ်ရေးကိုယ်တာ အခက်အခဲများအပေါ် အောင်မြင်မှုဖြစ်စေခဲ့သည်။ သူ၏ စောစောပိုင်းနှစ်များတွင် ချာချီအနေဖြင့် အထစ်အငေါ့များရှိခဲ့ပြီး သူသည် ယင်းကိုကုစားရန် ခက်ခက်ခဲခဲ တိုက်ခိုက်ခဲ့ရသည်။

စစ်ပွဲမပြီးဆုံးခင်မှာ လေဘာပါတီမှ အာဏာရရှိခဲ့သည့် ၁၉၄၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတိုင်အောင် ချာချီသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ် နိုင်ငံရေးကို နောက်ဆုံးမစွန့်လွှတ်ခင် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၅ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် ထပ်မံတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ။

ဓာတ်ခွဲနမူနာစုစုပေါင်း ၆၀၆၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၁၁-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၀-၁၁-၂၀၂၂) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၆၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၈၈,၄၂၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၀၀၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၃၈၄) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၉-၁၁-၂၀၂၂) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၅၃,၈၀၆)ဦးနှင့် အသက်(၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၃၃,၇၈၀) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၉-၁၁-၂၀၂၂ ရက်နေ့အထိ)

အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၃၀,၇၅၃,၈၀၆
အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၆,၇၃၃,၇၈၀

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားပြီး သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၉)ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်မပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်တက်အခန်းများ၊ လူထုထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၁၀၀၁၆၂,၅၁၉	၉,၇,၃,၂,၀,၉,၉	၁၁၀,၅,၀,၅
၂။	အိန္ဒိယ	၄,၄၆,၇,၀၀,၁,၇	၄,၄,၁,၃,၁,၉,၅,၂	,,,,,,,,
၃။	ပြင်သစ်	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၄။	ဂျာမနီ	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၅။	ဘရာဇီး	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၆။	တောင်ကိုရီးယား	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၇။	အီတလီ	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၈။	ဗြိတိန်	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၉။	ဂျပန်	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၁၀။	ရုရှား	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၂။	အင်ဒိုနီးရှား	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၃။	မလေးရှား	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၄။	ထိုင်း	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၅။	ဖိလစ်ပိုင်	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၆။	စင်ကာပူ	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၇။	မြန်မာ	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၈။	ဘရူနိုင်း	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၉။	လာအို	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,
၁၀။	ကမ္ဘောဒီးယား	,,,,,,,,,,,,	,,,,,,,,,,,,	,,,,,,,,,,,,

လယ်ဝေးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (အခမဲ့) ဖွင့်လှစ်

လယ်ဝေး နိုဝင်ဘာ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက သော်မှော်ကုန်းခေတ်မီစံပြကျေးရွာခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ရှင်းလင်းပြောကြား

ပထမဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဦးကျော်သူရက အမှာစကားပြောကြားခဲ့ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရှေ့ဆက်လက်ဖွင့်လှစ်သွားမည့် သင်တန်းများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

သင်ကြားပေးသွားမည်

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းနည်းပြဆရာ ဆရာမများက သင်တန်းတွင် သဘာဝမြေဩဇာများဖြစ်သည့် EM 5၊ EM သဘာဝမြေဩ၊ Super EM ဘိုကာချီ၊ ငါးမိုင်နိုအက်စစ်၊ ဒိုချန်ကင် သဘာဝမြေဩ စသည့် သင်ခန်းစာအမျိုးမျိုးကို သင်ကြားပေးသွားမည် ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား သင်တန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းသို့ လယ်ဝေးမြို့နယ်အတွင်းရှိသော်မှော်ကုန်းခေတ်မီစံပြကျေးရွာ၊ ကျွန်းကုန်းကျေးရွာနှင့် ကန်သာကျေးရွာတို့မှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သဘာဝမြေဩပြုလုပ်နည်း အမျိုးမျိုးကို ကျွမ်းကျင်ဆရာ ဆရာမများက စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

JJJ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၈-၁၁-၂၀၂၂ ရက်မှအဆက်

မော်သည် သူ့တစ်ကိုယ်လုံးကို ချာချာလည် အောင်လှည့်လိုက်ရင်း ရယ်လိုက်သည်။

“ရင်တုန်ရင် သွေးဆေးလေးသောက်လိုက်ပါလား”

“မော် မင်းနောက်စရာမဟုတ်ဘူး။ ဒါ အတည်ပြောနေတာ။ မင်း နေပုံထိုင်ပုံတွေဟာ ဒီအတိုင်းဆိုရင် မဖြစ်တော့ဘူး။ ဖေဖေတို့ကို တိုင်ပြောရလိမ့်မယ်”

“ပြောလိုက်ပါလား၊ သွားပြော ... ခုသွားပြော။ မော့်ကို လာပြောမနေနဲ့။ မင်းမှ ပြောစရာရှိတာ မဟုတ်ဘူး။ ငါ့မှာလည်း မင်းအကြောင်းတွေ ပြောစရာရှိတာပဲ။ ဖော်ကောင်လုပ်ကြေးဆိုရင် ဖော်လိုက်ပေါ့ ... သွားပြောချေ”

မော်သည် သံကုန်ဟစ်ပြောလိုက်သည်။ ‘မ’ သည် ရှေ့ဆက်၍ မပြောတော့ချေ။

ပြောလျှင် အရင်တစ်ကြိမ်လို ဖြစ်ဦးမည်ကိုလည်း သိထားဟု။ ထို့ကြောင့်လည်း ‘မ’ သည် စိတ်ပျက်လက်ပျက်ဖြင့် ခုတင်ပေါ်သို့ ထိုင်ချသည်။ ထိုအတွင်း အောက်ထပ်ဆီမှ မွန်၏ခေါ်သံ ကြားရသည်။

“‘မ’ ရေ ... ‘မ’၊ လာဦးဟေ့၊ မော့်ပါ ခေါ်ခဲ့”

‘မ’ သည် မော့်ကို တစ်ချက်မျှကြည့်လိုက်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ထပ်တွင် ဒေါ်ခင်မျိုးသန့်နှင့် မွန်သည် တစ်ယောက်နှင့် တစ်ယောက် တီးတိုးပြောနေကြသည်။ ဒေါ်ခင်မျိုးသန့်သည် လက်ထဲမှ ဓာတ်ပုံကိုကြည့်ရင်း ထိုင်စောင့်နေသည်။

“မိရွှေမပါ တစ်ဥာဏ်တည်းနဲ့တူတယ်။ ခုတလော ဒီကောင်မလေး စည်းကမ်းပျက်နေတာကို သူဘာမှ မပြောတာ ကြည့်စမ်း။ ဒီမှာ ဘယ်လောက်ရှက်စရာကောင်းလဲ။ အတူတူပါပဲလေ၊ ညည်းတို့နှစ်ယောက် ငါမပြောချင်ဘူး။ ပြောရင် လက်က ပါမိမယ် ...”

‘မ’သည် ဒေါ်ခင်မျိုးသန့်ပေးသော ဓာတ်ပုံကို ကြည့်လိုက်သည်။ ဓာတ်ပုံမှာ ကိုခင်မောင်ကြည် ပေးသွားသောပုံမျိုးပင် ဖြစ်လေသည်။

“‘မ’ သိပြီးပါပြီ။ ခုပဲ သူ့ကို ဒီအကြောင်းတွေပြော နေတာပါ”

ဒေါ်ခင်မျိုးသန့်သည် ‘မ’ စကားကို မယုံသလို မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

‘မ’ က တစ်ခုခုကို စဉ်းစားနေဟန် ရှိသည်။

“တို့အမျိုးထဲမှာ မကြားဖူးပါဘူး။ ဒါလောက်တောင် ကဖြင်းရတယ်လို့ ခေါ်လိုက်စမ်း”

မွန်က မော့်ကို လှမ်းအော်လိုက်သည်။ မော်သည် အပေါ်ထပ်မှ အော်ရင်း ပြေးဆင်းလာသည်။ အစ၌ မော်သည် ဘာမှသိဟန်မတူ။ ‘မ’ တို့စားပွဲဝိုင်းသို့ ခုန်ပေါက်ပြေးလွှားလာသည်။ အနားရောက်မှ ကိုယ်ဟန်သတ်လိုက်သည်။ သည်တော့မှလည်း အားလုံး မျက်နှာပျက်နေသည်ကို မော် ရိပ်မိလိုက်သည်။ ပြီးမှ စားပွဲပေါ်ကဓာတ်ပုံကို မျက်စိရောက်သွားသည်။ မော်သည် ‘မ’ ကို စူးစူးဝါးဝါး စိုက်၍ ကြည့်လိုက်သည်။

“ဩော် ... လက်စသတ်တော့ မရွှေချောကပြောပြီး ပြီကိုး။ အေးပေါ့လေ ... မော့်ကိစ္စက ရှင်းပါတယ်။ ဘလှသန်းထွန်းကိုခေါ်ပြီး သက်သေပြပါ့မယ်”

မော်က ငေါ့၍ပြောလိုက်သည်။ ‘မ’ ကမူ မော့်ကို ဘာမှ ပြန်မချေပတော့ချေ။

“ဘယ်သူမှ သက်သေပြစရာမလိုဘူး မော်။ မင်းဟာ ဣန္ဒြေမဲ့လွန်းတယ်။ လူတွေရဲ့ ဂုဏ်သိက္ခာ ကိုတောင် မင့်ဘူး။ ပါတီသွားတာ၊ ကပွဲသွားတာတို့ ကန့်ကွက်စရာမလိုဘူး။ ဒါပေမဲ့ မင်းနေပုံထိုင်ပုံဟာ စည်းကမ်းပျက်လွန်းတယ်။ ဒါကို မင်း ဆင်ခြင်ဖို့ ကောင်းပြီ”

မော်သည် မွန့်စကားကို လွန်ဆန်ရဲပုံ မရချေ။ မျက်နှာငယ်ကလေးဖြင့် မွန့်အနားတွင် ထိုင်လိုက်သည်။

“ဘာမှလည်းဖြစ်တာမဟုတ်ဘူး မွန်ရာ၊ ညက ကိုကိုကြည်က မော့်ကို စတယ်၊ မော်ကလည်း စိတ်ဆိုးဆိုးနဲ့ အရက်ခွက်နဲ့ လှမ်းပက်လိုက်တယ်။ အဲဒါကို ကိုကိုကြည်က လူတွေထဲမှာဆိုတော့ ရှက်သွားတာနဲ့ တူပါတယ်။ မစ္စတာရှားမားတို့၊ ဘလှသန်းထွန်းတို့ ရှိပါတယ်။ မယုံရင် ခေါ်မေးပါ”

“ဘာမှယုံစရာမလိုဘူး။ ကိုခင်မောင်ကြည်က အားလုံးပြောသွားပြီ။ ဒီကိစ္စဟာ သတင်းစာထဲမှာ ဓာတ်ပုံနဲ့ပါမလာတာ ကံကောင်းတယ် သိလား။ ကိုခင်မောင်ကြည်က ဓာတ်ပုံဆရာကို တောင်းပန်ပြီးပြောယူရတာ။ မင်းအပြုအမူတွေကအောက်တန်းစားဆန်တယ် မော်။ မင်းကိုငါ ခဏခဏပြောတယ်။ မင်း နားမလည်ဘူး”

“မော် နောက်မဖြစ်တော့ပါဘူး မွန်ရာ၊ ခုလည်း မော့်ကို လူတွေကနားလည်ပါတယ်။ မော့်ကို သူတို့ ကလေးတစ်ယောက်လို ခွင့်လွှတ်ပါတယ်။ တကယ်ပါ မွန်၊ ကပွဲမှာ မော့်ကို လူတိုင်းက ချစ်ခင်ကြပါတယ်။ မော် မှားလည်း ခွင့်လွှတ်ကြတာပဲ။ ဒီကိစ္စက ဘာမှ မဖြစ်လောက်ပါဘူး မွန်ရာ။ မော် နောက်မလုပ်ဘူး ဆိုရင် ပြီးတာပဲ။ ကိုကိုကြည်က ဒါလောက်ကလေး များ လာပြီးတိုင်ရသေးတယ်”

ဒေါ်ခင်မျိုးသန့်သည် စီးကရက်အသစ်တစ်လိပ်ကို မီးညှိသည်။

မော်က အသနားခံသောမျက်နှာဖြင့် ဒေါ်ခင်မျိုးသန့်ကို လှမ်းကြည့်လိုက်သည်။

“မော့်ကိစ္စက လွယ်တယ်ဟေ့ မွန်။ နောက် အပြင်ကို ညမထွက်ရဘူး။ မောင်ကြည်လာရင် တောင်းပန်လိုက်။ မောင်ကြည်ဟာ တခြားလူမဟုတ်ဘူး ဆိုတာ မင်းနားလည်ထား။ ကဲ ... မွန်၊ မိရွှေမ အကြောင်း ပြောလိုက်စမ်း”

မွန်သည် ‘မ’ ကို မကျေနပ်သောမျက်လုံးများဖြင့် စိုက်၍ကြည့်နေသည်။

‘မ’ သည် မမျှော်လင့်ဘဲ ကိုယ့်ဘူတာသို့ လာဆိုက်တော့မည်ကို သိရသဖြင့် ရင်ဖိုမိတော့သည်။

မွန်က အပြစ်ရှိသောကျောင်းသားကို ဆရာက ကြည့်သောအကြည့်မျိုးဖြင့် စိုက်ကြည့်နေသည်။

“‘မ’ ကိုတော့ မွန် သိပ်မပြောချင်ဘူး။ တစ်ခုပဲ မင်းဝန်ခံစေချင်တယ်။ မင်းဟာ မင်းဘဝကိုမင်း ဖြောင့်ဖြောင့်တန်းတန်း လျှောက်နိုင်တဲ့အစွမ်း မရှိဘူး။ ဒါဟာ မင်းရဲ့ အည့်ဆုံးအချက်ပါပဲ။ ဒါကို တို့က ကြည့်နေရင် တို့တစ်မျိုးလုံးရဲ့ ဂုဏ်သိက္ခာပျက်မှာပဲ။ ဒီတော့ တို့လည်း ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ မင်းနဲ့ ကိုခင်မောင်ကြည်နဲ့ စေ့စပ်ဖို့ မွန် သဘောတူလိုက်တယ်။”

“ဒီကိစ္စမျိုးကိုတော့ ‘မ’ ရဲ့ ဆန္ဒလည်း ပါသင့်ပါတယ်မွန်။ သွားရမယ့်ခရီးက ‘မ’ နဲ့ တစ်သက်လုံး သွားရမှာပါ။ ဒီလို ဘဝတစ်သက်လုံး ‘မ’ နဲ့အတူသွားရမယ့်လူမျိုးကို ရွေးချယ်တဲ့နေရာမှာ ‘မ’ ကိုယ်တိုင် ကြည်ဖြူတယ်၊ မကြည်ဖြူဘူး၊ ယုံကြည်တယ်၊ မယုံကြည်ဘူးဆိုတာတော့ မမေးသင့်ပေဘူးလား မွန်”

‘မ’ သည် စိတ်ကို မည်မျှပင် ထိန်းပြောသော်လည်း မရချေ။

“ဘာမှမေးစရာမလိုဘူး။ ညည်းကို ငါ အစကတည်းက ပြောတယ်မဟုတ်လား။ သမီးသုံးယောက်ထဲမှာ ငါစိတ်မချဆုံးက ညည်းပဲ။ ညည်းရဲ့ အိမ်ထောင်ရေးကို စကတည်းက တို့စီစဉ်ပေးမယ်လို့ ပြောထားတယ်မဟုတ်လား။ သမီးကညာ အခါမလင့်တဲ့။ အခု မောင်ကြည်လိုလူမျိုးက ညည်းနောက်ကို လိုက်နေတယ်ဆိုတာ အလွန်ကံကောင်းတယ်မှတ်၊ ညည်းလို ထုံထိုင်းထိုင်း အတတ လူတောမတိုးတဲ့မိန်းမကို မောင်ကြည်မို့ တမ်းတမ်းစွဲလိုက်နေတာ”

မိခင်ပင်ဖြစ်သော်လည်း ဒေါ်ခင်မျိုးသန့်စကားများသည် ‘မ’ ၏ ရင်ကို နင့်စေသည်။

မွန်ကမူ ချော့၍သာ သူလိုရာကို ဆွဲနေတော့သည်။

“မင်း ကောင်းဖို့ဆိုတာ ယုံပါကွယ်။ မွန်တို့စီစဉ်တာဟာ မွန်တို့အတွက် ဘာတစ်ခုမှ အကျိုးရတာ မဟုတ်ပါဘူး”

“‘မ’ တစ်ခုပြောပါရစေ မွန်၊ ဒီနေရာမှာ မင်းနဲ့ ‘မ’ နဲ့ မတူဘူး။ မွန်တို့က လောကမှာ အမြင့်ဆုံးနေရာကို မှန်းတဲ့သူတွေပါ။ ဒီနေရာမျိုးရမှ စိတ်ချမ်းသာမယ်လို့ ထင်တဲ့လူတွေပါ။ ‘မ’က ဒီအမြင့်ကိုကြည့်ပြီး ကြောက်တဲ့သူပါ မွန်။ ကားမစီးရချင် နေပါစေ၊ ထီးနဲ့ဖိနပ်ရှိရင် စိတ်ချမ်းချမ်းသာသာနဲ့ ခရီးကို လျှောက်လို့ရတယ်။ ဒါလောက်နဲ့ပဲ ဘဝမှာ ကျေနပ်ရောင့်ရဲချင်တယ်။ လောဘကြီးပြီး စိတ်ဆင်းရဲမခံချင်ဘူး”

မွန်သည် ‘မ’ ကို ဒေါသခိုးလျှံသော မျက်လုံးများဖြင့် စိုက်၍ကြည့်နေသည်။

ဒေါ်ခင်မျိုးသန့်က ကုလားထိုင်ကို နောက်သို့တွန်းလိုက်ရင်း နေရာမှ ထလိုက်သည်။

“ဒါဖြင့် ထီးထမ်းလမ်းလျှောက်တဲ့ ကြမ်းပိုးတေလေမျိုးကိုမှ ယူချင်တယ်ပေါ့ ... ဟုတ်လား”

ဒေါ်ခင်မျိုးသန့်က ဒေါသဖြင့် ခပ်ပြတ်ပြတ်မေးလိုက်သည်။

“သမီးပြောတာ ဒီအဓိပ္ပာယ် မရောက်ပါဘူး”

“ဟုတ်တယ် မာမီ၊ မာမီ့သမီးက ကြမ်းပိုးတေလေမျိုးကို ယူမှာ။ အဲဒီလိုလူမျိုးလည်း သူ့မှာ...”

မော်၏စကားကို မွန်က ဝင်၍ဖြတ်လိုက်သည်။

“မော် နေစမ်း၊ ဟေ့ ... ဒီမှာ ‘မ’၊ မင်းအကြောင်းကို ငါသိပြီးပြီ။ မာမီ့ကိုတောင် အသိမပေးဘူး။ အစက မင်း ဒါလောက်တောင် အစဉ်းစားဉာဏ် နည်းမယ်လို့ မထင်ဘူး’

“ဒါတွေ ပြောစရာမလိုပါဘူး မွန်။ မင်းမှာ ကိုယ်ချင်းစာတရားများ ရှိခဲ့ရင် မင်းပိုသိပါတယ်။ မင်းအိမ်ထောင်ရေးတုန်းက မင်းဘယ်လိုဆုံးဖြတ်ပြီး လုပ်ခဲ့သလဲ။ ဘယ်သူ့ကိုများ အသိပေးခဲ့သလဲ။ ဘယ်သူ့ကိုများ တိုင်ပင်ခဲ့သလဲ။ မင်းကင်းလွတ်မှုကို မင်းကြိုက်သလိုယူခဲ့ပြီးမှ သူများကင်းလွတ်မှုကို မင်းစွက်ဖို့ မကောင်းပါဘူး”

“အေး ... ဟုတ်တယ်၊ မွန်တို့ ကင်းလွတ်မှုယူတယ် ဆိုတာက ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးဘူး။ ဘယ်သူမှ မျက်နှာမပျက်ဘူး။ အားလုံးကောင်းတဲ့ နည်း။ အဆင်ပြေတဲ့နည်းကို ယူတာ။ မင်းလုပ်ပုံက အားလုံးမျက်နှာပျက်ရမယ်။ မင်းလည်း ဒုက္ခရောက်ရမယ်။ ဒီမှာ ‘မ’ ခု မွန်တို့ပြောတာ မင်းကောင်းစားဖို့ ပြောနေတာ နားလည်ရဲ့လား”

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ “အရိုင်းစံပယ်” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

“‘မ’ ကိုတော့ မွန် သိပ်မပြောချင်ဘူး။ တစ်ခုပဲ မင်းဝန်ခံစေချင်တယ်။ မင်းဟာ မင်းဘဝကိုမင်း ဖြောင့်ဖြောင့်တန်းတန်း လျှောက်နိုင်တဲ့အစွမ်း မရှိဘူး။ ဒါဟာ မင်းရဲ့ အည့်ဆုံးအချက်ပါပဲ။ ဒါကို တို့က ကြည့်နေရင် တို့တစ်မျိုးလုံးရဲ့ ဂုဏ်သိက္ခာပျက်မှာပဲ။ ဒီတော့ တို့လည်း ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ မင်းနဲ့ ကိုခင်မောင်ကြည်နဲ့ စေ့စပ်ဖို့ မွန် သဘောတူလိုက်တယ်။”

“ဒီကိစ္စမျိုးကိုတော့ ‘မ’ ရဲ့ ဆန္ဒလည်း ပါသင့်ပါတယ်မွန်။ သွားရမယ့်ခရီးက ‘မ’ နဲ့ တစ်သက်လုံး သွားရမှာပါ။ ဒီလို ဘဝတစ်သက်လုံး ‘မ’ နဲ့အတူသွားရမယ့်လူမျိုးကို ရွေးချယ်တဲ့နေရာမှာ ‘မ’ ကိုယ်တိုင် ကြည်ဖြူတယ်၊ မကြည်ဖြူဘူး၊ ယုံကြည်တယ်၊ မယုံကြည်ဘူးဆိုတာတော့ မမေးသင့်ပေဘူးလားမွန်”

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပစဉ်။

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ မာရသွန်ပြေးပြိုင်ပွဲ ကျင်းပစဉ်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ကျင်းပသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားခန်းမ၌ ၄၈ ကီလို လူသစ်တန်း(ဗိုလ်လုပွဲ)၊ ၅၄ ကီလို လူသစ်တန်း(ဗိုလ်လုပွဲ)၊ ၆၇ ကီလို လူသစ်တန်း (ဗိုလ်လုပွဲ)၊ ၇၁ ကီလိုလူသစ်တန်း(ဗိုလ်လုပွဲ)၊ ၅၁ ကီလို(က)အဆင့်(ဗိုလ်လုပွဲ)၊ ကီလို ၆၀(က)အဆင့်(ဗိုလ်လုပွဲ)၊ ၇၁ ကီလို(က)အဆင့်(ဗိုလ်လုပွဲ)၊ ၅၁ ကီလို အလွတ်တန်း (ဗိုလ်လုပွဲ)၊ ကီလို ၆၀ အလွတ်တန်း(ဗိုလ်လုပွဲ)၊ ၆၃.၅ ကီလို အလွတ်တန်း(အကြို ဗိုလ်လုပွဲ)၊ ၆၇ ကီလို အလွတ်တန်း (ဗိုလ်လုပွဲ)၊ ၇၁ ကီလိုအလွတ်တန်း (ဗိုလ်လုပွဲ)ပွဲစဉ် ပြိုင်ပွဲများကိုလည်းကောင်း၊ ဧရယျာသီရိတပ်မတော် အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ မာရသွန်ပြေးပြိုင်ပွဲကိုလည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲကို ဧရယျာသီရိ အားကစားရုံ(A)၌ (၇)အဆင့် ပင်းဝိတ်တန်း(၅၄)ကီလိုအောက်၊ (ခ)အဆင့်ပင်းဝိတ်တန်း (၅၄)ကီလိုအောက်၊ (ဂ)အဆင့်ပင်းဝိတ်တန်း (၅၄) ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း(၅၄)ကီလို အောက်၊ (က)အဆင့်ပင်းဝိတ်တန်း (၅၄)ကီလို အောက်၊ (ခ)အဆင့် လိုက်ဝိတ်တန်း (၆၈-၇၄) ကီလို၊ (ဂ)အဆင့်ပင်းဝိတ်တန်း(၅၄)ကီလိုအောက်၊ (ခ) အဆင့်လိုက်ဝိတ်တန်း(၅၄)ကီလို၊ (ဂ)အဆင့်ပင်းဝိတ်တန်း (၅၄)ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း (၅၄)ကီလိုအောက်၊ (ခ)အဆင့်လိုက်ဝိတ်တန်း(၆၈-၇၄)ကီလို၊ (ဂ)အဆင့်ပင်းဝိတ်တန်း (၆၈-၇၄)ကီလို၊ (ဂ) အဆင့် ပင်းဝိတ်တန်း(၅၄) ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း (၅၄)ကီလိုအောက်၊ (ဂ)အဆင့်ပင်းဝိတ်တန်း(၅၄)ကီလိုအောက်၊ (ခ) အဆင့်လိုက်ဝိတ်တန်း(၆၈-၇၄)ကီလို၊ (ဂ)အဆင့်ပင်းဝိတ်တန်း (၆၈-၇၄)ကီလို၊ (ဂ)အဆင့် ပင်းဝိတ်တန်း(၅၄) ကီလိုအောက်၊ (ခ

ပေါင်ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ထပ်မံလွဲခဲ့ရပြန်ပြီဖြစ်တဲ့ ဘင်ဇီမာ

ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာဟာ ပြင်သစ်အသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ပေါင်ဒဏ်ရာရရှိခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ထပ်မံလွဲခဲ့ရပြီလည်းဖြစ်ပါတယ်။ တိုက်စစ်မှူး ဘင်ဇီမာဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားနဲ့ စပိန်လာလီဂါဖလားတို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့တာကြောင့် ယခုနှစ်အတွင်းမှာ ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ၂၀၂၂ ဘလွန်းဒီအောဆုကို ရရှိခဲ့သူဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ နိုဝင်ဘာ ၂၂ ရက်မှာ သြစတြေးလျအသင်း၊ ၂၆ ရက်မှာ ဒိန်းမတ်အသင်းနဲ့ ၃၀ ရက်မှာ တူနီးရှားအသင်း စသဖြင့် အုပ်စု(D)ရဲ့ အုပ်စုပွဲစဉ်တွေအဖြစ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

နည်းပြ ဒက်ချမ့်ရဲ့ ပြင်သစ်အသင်းဟာ တိုက်စစ်မှူး ဘင်ဇီမာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရတာကြောင့် အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ အသင်းအတွက် အဓိကအားထားရတဲ့ ကစားသမား အများစုဆုံးရှုံးခဲ့ရပေမယ့် ပြိုင်ပွဲမစတင်မီမှာ ဒဏ်ရာပြဿနာကြုံခဲ့တဲ့ တိုက်စစ်မှူး ဘင်ဇီမာရဲ့နေရာအတွက် အစားထိုးကစားသမားတစ်ဦးကို ခေါ်ယူတော့မှာ မဟုတ်ဘူးလို့လည်း သိရပါတယ်။

ပြင်သစ်အသင်းဟာ အဓိကကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ပေါလ်ပေါ့ဘာနဲ့ အင်နာဂိုလိုကန်တီတို့ ဒဏ်ရာပြဿနာကြုံတွေ့နေလို့ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ကစားသမား ၂၆ ဦးစာရင်းကနေ ချန်ခဲ့ရတာ ဖြစ်ပါ တယ်။

ဘင်ဇီမာဟာ အခုတစ်ကြိမ် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ လွဲခဲ့ရတာကြောင့် ကစားသမားဘဝမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို သုံးကြိမ်တိုင်တိုင်ပါဝင်ကစားခွင့်ဆုံးရှုံးခဲ့ရပြီလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး ဘင်ဇီမာဟာ ပြင်သစ်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၉၇ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၃၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ပိုလန်အသင်းအတွက် ပထမဆုံးကမ္ဘာ့ဖလား သွင်းဂိုးရရှိဖို့ မျှော်လင့်နေတဲ့ လီဝန်ဒိုစကီး

ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ကမ္ဘာ့ဘောလုံးသမိုင်းမှာ ထိပ်တန်းဂိုးသွင်းရှင်တွေထဲက တစ်ဦးအဖြစ် သတ်မှတ်ခံထားရပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ဂိုးသွင်းနိုင်ခဲ့ခြင်းမရှိသေးတာဖြစ်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ ဘာစီလိုနာအသင်းတိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ ဖလားပြိုင်ပွဲမှာ ပိုလန်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ပါဝင်လာမှာဖြစ်ပြီး အဲဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမဆုံးကမ္ဘာ့ဖလားသွင်းဂိုးသွင်းယူနိုင်ဖို့ မျှော်လင့်ထားသူလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒိုစကီး ဦးဆောင်နေတဲ့ ပိုလန်အသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားနဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတို့မှာ ခြေစစ်ပွဲမအောင်ခဲ့ဘဲ ခြေစစ်ပွဲအောင်ခဲ့တဲ့ ၂၀၁၈ ခုနှစ် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း အုပ်စုအဆင့်အောက်ဆုံးနေရာနဲ့ပဲ ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂိုးသွင်းနိုင်ရေးဟာ သူ့ရဲ့အိပ်မက်ဖြစ်တဲ့အကြောင်းနဲ့ အဲဒီအိပ်မက်ကိုလည်း အကောင်းဆုံးအကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း လီဝန်ဒိုစကီးက ပြောကြားခဲ့တာဖြစ်ပါတယ်။ ပိုလန်အသင်းဟာ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိခဲ့တဲ့ နှစ်တိုင်းမှာလည်း အုပ်စုအဆင့်ကိုပင် ကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

ပိုလန်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စု(C)တွင် ကျရောက်နေပြီး နိုဝင်ဘာ ၂၂ ရက်မှာ မက္ကဆီကို၊ ၂၆ ရက်မှာ ဆော်ဒီအာရေဗျ၊ ၃၀ ရက်မှာ အာဂျင်တီးနားအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

မန်ယူတိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ချယ်လ်ဆီးအသင်းက ခေါ်ယူရန်စိတ်ဝင်စားနေ

ချယ်လ်ဆီးအသင်းဟာ မန်ယူအသင်းမှ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုကို စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူဖို့ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ခေါ်ယူမယ့်ကိစ္စနဲ့ပတ်သက်ပြီး အသင်းပိုင်ရှင် တော့ဒ်ဘိုလီက ပစ်မှတ်ထားနေပေမယ့် အသင်းနည်းပြ သောမက်တူချယ်ကတော့ ချယ်လ်ဆီးအသင်းက စီရိုနယ်လ်ဒိုကို ခေါ်ယူမယ့်ကိစ္စအတွက် မီးစိမ်းမပြသေးဘူးလို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းဟာ လက်ရှိအချိန်မှာ အသင်းအတွက် လိုအပ်နေတဲ့ သွင်းဂိုးတွေအတွက် တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ခေါ်ယူဖို့စီစဉ်နေတာဖြစ်တယ်လို့ မိုင်ရာသတင်းစာက သတင်းဖော်ပြထားပါတယ်။ လက်ရှိအချိန်မှာ မန်ယူအသင်းတာဝန်ရှိသူတွေဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ မန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကို ဖျက်သိမ်းဖို့ စီစဉ်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး လူကာကူ ဘယ်လ်ဂျီယံအသင်းရဲ့ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်နှစ်ပွဲ လွဲချော်မည်

တိုက်စစ်မှူး လူကာကူဟာ ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် ဘယ်လ်ဂျီယံအသင်း ယှဉ်ပြိုင်ကစားမယ့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်နှစ်ပွဲမှာ လွဲချော်မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး လူကာကူဟာ ဘယ်လ်ဂျီယံအသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကစားသမားစာရင်းအတွက် ရွေးချယ်ခံခဲ့သူဖြစ်ပေမယ့်ရရှိထားတဲ့ တံကောက်ကြောဒဏ်ရာကြောင့် အုပ်စု(F)မှာ ဘယ်လ်ဂျီယံအသင်း ယှဉ်ပြိုင်ကစားမယ့် အဖွင့်ပွဲစဉ်နှစ်ပွဲဖြစ်တဲ့ ကနေဒါအသင်း၊ မော်ရိုကိုအသင်းတို့နဲ့ ပွဲစဉ်တွေမှာ လွဲချော်ရတော့မှာဖြစ်ပါတယ်။

တိုက်စစ်မှူးလူကာကူဟာ ဘယ်လ်ဂျီယံအသင်းကို ဖီဖာရဲ့ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၂)နေရာ တက်လှမ်းခွင့်ရရှိအောင် စွမ်းအောင်ပေးခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးဖြစ်ပြီး နိုင်ငံတကာပွဲစဉ် ၁၀၂ ပွဲပါဝင်ကစားပြီးချိန်မှာ သွင်းဂိုး ၆၈ ဂိုးအထိ စံချိန်တင်သွင်းယူပေးခဲ့သူလည်းဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

ကစားသမားဘဝကအနားမယူမီ ဂျိုရှုယာနဲ့ ထိုးသတ်ဖို့ဆန္ဒရှိနေတဲ့ တိုင်ဆန်ဖူရီ

ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖူရီဟာ လက်ဝှေ့သမားဘဝကနေ အနားမယူမီကာလအတွင်း ဗြိတိန်နိုင်ငံရဲ့ ဟဲဗီးဝိတ်တန်းလက်ဝှေ့သမားတစ်ဦးဖြစ်တဲ့ အန်တိုနီဂျိုရှုယာနဲ့ ယှဉ်ပြိုင်ထိုးသတ်သွားဖို့ ဆန္ဒရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

ဒဗလျူဘီစီချန်ပီယံ တိုင်ဆန်ဖူရီဟာ ဂျိုရှုယာနဲ့ ထိုးသတ်ဖို့ စက်တင်ဘာလကတည်းက ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပေမယ့် ပျက်ပြယ်ခဲ့ရတာကြောင့် ဂျိုရှုယာနဲ့ ထိုးသတ်မယ့်အစား ဒီဇင်ဘာ ၃ ရက်မှာ ဒါရက်ချီဆိုယာနဲ့ လန်ဒန်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်လာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အသက် ၃၄ နှစ်အရွယ်ရှိ တိုင်ဆန်ဖူရီဟာ ဂျိုရှုယာနဲ့ မထိုးသတ်ရသေးခင် လက်ဝှေ့သမားဘဝကနေ အနားယူမှာမဟုတ်သေးဘဲ ဂျိုရှုယာနဲ့ ထိုးသတ်ခွင့်ရဖို့ မျှော်လင့်နေဆဲဖြစ်တယ်လို့ ဆိုပါတယ်။ တိုင်ဆန်ဖူရီနဲ့ ချီဆိုရာတို့ရဲ့ ဒီဇင်ဘာလအတွင်းတွေ့ဆုံမယ့် လက်ဝှေ့ပြိုင်ပွဲဟာ ဒီလက်ဝှေ့သမားနှစ်ဦးအကြားတတိယအကြိမ်တွေ့ဆုံမှုဖြစ်လာမှာဖြစ်ပြီး ယခင်က ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တို့မှာ တွေ့ဆုံခဲ့ရာမှာတော့ တိုင်ဆန်ဖူရီကပဲ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

■

မော်လမြိုင်မြို့၌ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

မွန်ပြည်နယ်တွင် အများပြည်သူများ အသက်အရွယ်မရွေး ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်နိုင်ရန် အားကစားနည်းအလိုက်ပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ထူးချွန်သော ဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ၂၀၂၃ ခုနှစ် နှစ်သစ်ကူးအကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်းတွင် ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ရှိ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် Myanmar Golf Association Thailand မှ ဦးခင်မောင်ညိုတို့က ပြိုင်ပွဲကို မီးခိုးဘောလုံးရိုက်၍ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားများ ယှဉ်ပြိုင်နေမှုအပေါ် ကြည့်ရှုအားပေးသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်အတွင်း အားကစားကဏ္ဍာ တိုးတက်မြင့်မားရေးအတွက် အထူးအလေးပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူကြီး၊ လူငယ်များပါမကျန် ကျန်းမာသန်စွမ်းပြီး ကိုယ်ကာယကြံ့ခိုင်စေရန် အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လိုအပ်ကြောင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် တန်းလိုက်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ရိုက်ချက်အလိုက် အကောင်းဆုံး ဂေါက်သီးရိုက်အားကစားသမားဆုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

၂၀၂၃ ခုနှစ် နှစ်သစ်ကူးအကြို ဂေါက်သီးရိုက်ပြိုင်ပွဲကို Myanmar Golf Association Thailand နှင့် Mawlamyine Golf Club တို့၏ စီစဉ်မှုနှင့် အေးကိုကုမ္ပဏီမှ ကူညီပံ့ပိုးမှုတို့ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဧည့်သည်တော်များနှင့် အမျိုးသား၊ အမျိုးသမီး ဂေါက်သီးရိုက် အားကစားသမား ၁၀၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ အားကစားသမားများက ပြိုင်ပွဲပုံစံ System 36 ဖြင့် ကျင်း၁၈ ကျင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ဖလမ်းမြို့၌ ဆောင်းရာသီတင်းနှစ်ပြိုင်ပွဲ ကျင်းပ

ဖလမ်း နိုဝင်ဘာ ၂၀

ချင်းပြည်နယ် ဖလမ်းမြို့၌ ဆောင်းရာသီဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား စီနီယာ/ ဂျူနီယာနှင့် တက်သစ်စတင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၁၈ ရက်က ဖလမ်းမြို့ ဗလိုင်ရပ်ကွက် မြို့မတင်းနစ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အားကစားသမားများအား အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တက်သစ်စတင်းနစ်ပြိုင်ပွဲ ဒုတိယဆုရရှိသောအတွဲအား ဆုကလပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်းက လည်းကောင်း၊ ဒုတိယဆုရရှိသောအတွဲအား ခရိုင်ပညာရေးမှူး ဦးသွမ်လျန်က လည်းကောင်း၊ ပထမဆုရရှိသောအတွဲအား ဆုကလပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမျိုးမျိုးဝင်းက လည်းကောင်း၊ ပထမဆုရရှိသောအတွဲအား ငွေသားဆုကို ခရိုင်မီးသတ်ဦးစီးမှူး ဦးစာရုံမန်းကလည်းကောင်း၊ ဂျူနီယာတင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသောအတွဲအား ဆုကလပ်နှင့် ငွေသားဆုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရေချမ်းက လည်းကောင်း၊ ပထမဆုရရှိသောအတွဲအား ဆုကလပ်နှင့် ငွေသားဆုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဒုတိယရဲမှူးကြီး မိုးနိုင်ကလည်းကောင်း၊ စီနီယာတင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသောအတွဲအား ဆုကလပ်နှင့် ငွေသားဆုများကို အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်က လည်းကောင်း၊ စီနီယာတင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသောအတွဲအား ဆုကလပ်နှင့်ငွေသားဆုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါတင်းနစ်ပြိုင်ပွဲတွင် စီနီယာ ၂၄ ဦး၊ ဂျူနီယာ၂၀၊ တက်သစ်စ ၂၄ ဦး စုစုပေါင်း ၆၈ ဦးတို့က အတွဲလိုက် နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ရဲမြင့်အောင်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးငွေများအား သက်သာသည့် အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၂ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများအား အောက်တိုဘာ ၁၂ ရက်မှ စတင်ထုတ်ချေးလျက်ရှိရာ ယနေ့အထိ ကျေးရွာ ၆၉ ရွာမှ တောင်သူ ၁၄၅၇ ဦး၏ ပဲတီစိမ်းစိုက်ဧက ၈၃၆ ဧက၊ နွေစပါးစိုက်ဧက ၂၈၂၅ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၁၂၁၈ ဒသမ ၂၅ ကျပ်သန်းအား ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်တွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေး မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးပြပွဲ နှစ်စဉ်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

နိုင်ငံတကာ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံသူကုမ္ပဏီ ပေါင်း ၆၀ ကျော်တို့၏ ပြခန်းများအပါအဝင် ပြည်တွင်းရှိအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသကြသည်။ မွေးမြူရေးပြခန်းများတွင် မွေးမြူရေးဆိုင်ရာဆေးဝါးများ၊ အစာများ၊ မွေးမြူရေးခြံသုံးပစ္စည်းများကိုလည်းကောင်း၊ ရေလုပ်ငန်းပြခန်းများတွင် ရေအရည်အသွေးစစ်ဆေးသည့် ကိရိယာများ၊ အအေးခန်းသုံးစက်ပစ္စည်းများ၊ ငါးနှင့် သက်ဆိုင်သည့်ဆေးဝါးများ၊ ငါးစာများ ထုတ်လုပ်မှုနည်းစနစ်များကို လည်းကောင်း၊ စိုက်ပျိုးရေးပြခန်းတွင် လယ်ယာသုံးစက်ပစ္စည်းများ၊ ထွန်စက်၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်၊ မြေသြဇာ၊ မျိုးစေ့၊ ခြံထွက်သီးနှံများ၊ သြဂဲနစ်သီးနှံများကို လည်းကောင်း ပြသကြသည်။

ထို့ပြင်ပြပွဲရက်များအတွင်း ပညာရှင်များက အသိပညာပေးဟောပြောပွဲများကို ပြုလုပ်ကြသည်။

အဆိုပါ ပြပွဲကျင်းပသည့် IMS Sikver Sea Exhibition မှ တာဝန်ရှိသူ ဦးဇာနည်က "ဒီပြပွဲကို ၂၀၁၆ ခုနှစ်က ပထမဦးဆုံးအကြိမ် မန္တလေးမှာစပြခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ်မန္တလေးမှာပဲပြခဲ့တယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀၊ ၂၀၂၁ ခုနှစ်တွေမှာ မကျင်းပနိုင်ခဲ့ပါဘူး။ ယခုနှစ်မှာ (၅)ကြိမ်မြောက်အဖြစ် ရန်ကုန်မှာ ပြန်လည်ကျင်းပရခြင်းဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်မှာ မန္တလေးမှာ (၆) ကြိမ်မြောက်အဖြစ် ပြသွားပါမယ်။ ပြည်တွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန် မြှင့်တင်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး နှစ်စဉ်စည်းရုံးပြီးပြပွဲကို ကျင်းပသွားမှာပါ"ဟု ပြောကြားသည်။

မျိုးမင်းသူရ

■

*** ကျောဖုံးမှ**

လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

မုတ်ဝ(၂)ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ သစ်ယာ၊ အင်ကြင်း စသည့်အဖိုးတန်သစ်မျိုးများနှင့် သစ်ဖြူ၊ သရင်းကြီး၊ သစ်မကျည်း စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည့်အပြင် နေထိုင်ကျက်စားလျက်ရှိသော ဂျီ၊ တောင်ဆိတ်၊ တောကြက်နှင့် မျောက်စသည့် တိရစ္ဆာန်များအတွက် ကျက်စားရာဒေသ တိုးပွားလာခြင်း၊ မူးမြစ်အတွင်းစီးဝင်သော သော်ချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ကျောက်ဆည်မြို့နယ် ကလေးကျေးရွာ၌ မိုးနှောင်းချည်မျှင်ရှည်ဝါ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိတောင်သူများ အနေဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးအပြင် စျေးကွက်ဝင်နိုင်မည့် သီးနှံမျိုးစုံစိုက်ပျိုးကြရာ ကလေးကျေးရွာတွင် စိုက်ပျိုးထားသော ဝါသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံများစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်(၈)၊ ငွေချည်(၆)၊ ငွေချည်(၉) ဝါမျိုးများ အဓိကထားစိုက်ပျိုးသည်။ အပင်နှင့် အသီးများဖြစ်ထွန်းအောင်မြင်စေရန်အတွက် နွားချေးလှည်း ၁၀ စီး စာနှင့် ကွန်ပေါင်းမြေသြဇာတစ်အိတ်အား မြေခံအဖြစ်မြေပြုပြင်ပြီး အပိန့်ဝင်ချိန်နှင့် ပန်းပွင့်ချိန်တွင် အပင်ခြေနှင့် ခုနစ်လက်မခန့်အကွာတွင် ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားအိတ်ဝက်ရော၍ ဖြူးပေးရကြောင်း၊ လိုအပ်သည့် အချိန်များတွင် မြောင်းရှင်းခြင်း၊ မြေဆွခြင်းနှင့် ရေသွင်းခြင်းများ ဆောင်ရွက်ပေးရကြောင်းနှင့် စုပ်ပိုး၊ ဝါဂွမ်းပိုးနီ၊ ရွက်လိပ်ပိုး ကာကွယ်ဆေးများနှင့် အခြားပိုးသတ်ဆေးများလည်း လိုအပ်သလို ဆောင်ရွက်ပါက ဝါတစ်ဧက ပိသာချိန် ၁၀၀၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ဝါသီးနှံများကို ရဲဘော်ကြီး၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ကြက်သားဟင်း၊ သင်္ဂီတုံ၊ ကလေး၊ မှိုင်းပန်၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ အရှေ့သာဂရ၊ ပြည်တော်သာ၊ သံရွာ၊ ပေါင်လောင်၊ တောင်တော်၊ ကင်းကျေးရွာများတွင် ဝါသီးနှံစိုက်ခင်းပေါင်း ဧက ၁၃၄၈၀ စိုက်ပျိုးထားကြောင်းနှင့် ဝါစိုက်ခင်းများအောင်မြင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်း၍ နည်းပညာများ စနစ်တကျကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

လက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ရွာနေ
ဦးစိုးအောင်-ဒေါ်တင်မြ တို့၏သား

မောင်ချစ်ဇော်အောင်

B.E Civil

အယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)

နှင့်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ အမှတ်(၈)လမ်းနေ
ဦးဥာဏ်လင်းအောင်-ဒေါ်ခင်ခင်ဝင်း တို့၏သမီးကြီး

မဟန်နီလင်းအောင်

B.BSc (Business Science)

D.B Acc(Diploma in Business Accounting)

တို့သည် ၁၉-၁၁-၂၀၂၂ရက် (စနေနေ့)တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC2)၊ နေပြည်တော်၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ကျော့ယဉ်အားလည်းကောင်း၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးနှင့် ဇနီး ဒေါ်ရီရီမြင့်အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်မာလာမော်အားလည်းကောင်း၊ အခမ်းအနားမှူးဆောင်ရွက်ပေးပါသော ဦးသက်ပိုင်စိုး (မြန်မာ့အသံ)အားလည်းကောင်း၊ တေးသံသာဖြင့် ဖျော်ဖြေပေးပါသော မြတ်မဟာ တေးဂီတအဖွဲ့အားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ မိတ်သင်္ဂီဟများနှင့်တကွ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဆောင်များ ပေးပို့သော ဆွေမျိုးမိတ်သင်္ဂီဟအပေါင်းအားအထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ချစ်ဇော်အောင်-မဟန်နီလင်းအောင်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

စဉ်	တင်ဒါ အမှတ်	လုပ်ငန်းအမည်
(၁)	၁၈၇/မမ/CE	**ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ဥက္ကလာပဘူတာ နှင့် ပုရွတ်ဆိတ်ကုန်းဘူတာကြားတွင် (Steel Structure, Walkway, Steel Structure Roofing, RC Short Column & RC Foundation) လူကူး ခုံးကျော် တံတား(FOB) တည်ဆောက်ခြင်းလုပ်ငန်း

တင်ဒါပြိတ်မည့်နေ့/အချိန် - (၂ . ၁၂ . ၂၀၂၂) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၁၈ . ၁၁ .၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/၃၊ လူနေရပ်ကွက်အမှတ်-မြင်သာစုပေါင်း အိမ်ရာ၊ မြေကွက်အမှတ်(၁၄၈-၁+၂)၊ အကျယ်အဝန်း(အလျားဖေ၀/၅၉ပေဖေလက်မ x အနံ၅၇ပေ)၊ ဧရိယာ(၀.၀၇၈)ကေရှိ နှစ်(ဖေ၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(အိမ်ကိုမျက်နှာမူလျက် ညာဘက်အခြမ်း)၊ မြေကွက်အကျယ်အဝန်း (အလျား၃၀/ ၂၉ပေဖေလက်မ x အနံ၅၇ပေ)ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ကရမက်လမ်း၊ အမှတ်(၁၄၈-၁+၂)ဟူခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဟန်ထွန်း(၁၂/ဥကတ(နိုင်)၁၀၄၇၆၅)(CE-၀၄၉၄၆၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက၀ယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်မည်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)
အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph-၀၉-၅၁၅၁၁၃၃၃၃၊ ၀၉-၅၁၀၉၀၅၅၃။

ကုန်အမှတ်တံဆိပ်များသတိစပးတားမြစ်စကြေညာခြင်း

VA VA VOOM FASHION

(၄/၁၀၄၈၃/၂၀၁၈) (၄/၁၉၅၈/၂၀၂၁)

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ ၁။**ဦးဇော်ထက်လင်း**(၁၁/စတန(နိုင်)၀၆၄၄၅) ၂။**ဦးကောင်ကျော်မြင့်**(၁၁/စတန(နိုင်)၀၅၉၇၆၆)တို့သည် အထက်ပါ **VA VA VOOOM Fashion**နှင့် **THE COTTON STORY** အမှတ်တံဆိပ်တို့ကို (၂)ဦးပူးတွဲမှုပိုင်အဖြစ်အသုံးပြုရန်အတွက် ယှဉ်တွဲဖော်ပြပါမှတ်ပုံတင်စာချုပ်အမှတ်များအရ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်နံ့၌ဘရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးသည့်နောက် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ အဝတ်အထည်အမျိုးမျိုး၊ အထည်အလိပ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် အောင်မြင်ကျော်ကြားလူကြိုက်များနေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေများ၏မူပိုင်ဖြစ်သော အထက်ဖော်ပြပါ အမှတ်တံဆိပ်များအား တစ်ခုလုံးကိုထပ်တူညီဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မမှန်မကန်မှီငြမ်းတုပသုံးစွဲခြင်း၊ အဝတ်အထည်အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိရောင်းချခြင်းများ မပြုလုပ်/မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့၏တောင်းဆိုမှုကို မလိုက်နာဘဲ မှီငြမ်းတုပသုံးစွဲ၍ အဝတ်အထည်များကိုထုတ်လုပ်ဖြန့်ချိရောင်းချမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်သတိပေးတားမြစ်ကြေညာအပ်ပါသည်**(လွှဲအပ်ညွှန်ကြားချက်အရ)**

ဦးသန့်ဇင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848

ဒေါ်ဟန်စန္ဒနိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09 420073685

အမှတ်(၅၀)၊ပ-ထပ်၊အခန်း(D-2)၊တာက်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

"ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၇၃/က)၊ အကျယ်အဝန်း ၀ေ(၂၀x၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစား၊ မြေကွက်လိပ်စာအမှတ်(၉)၊ (၁၇၃/က)၊ ရန်ပြေ(၁၁)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေဈေးရင်းတွင် ဦးတင်အောင်[၁၂/သကတ(နိုင်)၀၄၄၅၅၂]အမည်ဖြင့် မှတ်သားတည်ရှိနေသော မြေကွက်ဖြစ်ပြီး၊ ယခုအပိုင်ရောင်းချသူ ဦးသီဟဇော်[၁၂/သကတ(နိုင်)၁၆၈၄၆၇]မှ အရပ်ကတိအရောင်းအ၀ယ်စာချုပ်ချုပ်ဆိုၗ် ဝယ်ယူပိုင်ဆိုင်နေထိုင်လာသော မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအမွေစားအမွေခံမှစ၍ အပေါင်အနှံ့အရှုပ်အရှင်းကင်းကြောင်းနှင့် အာမခံအဖြစ်တင်သွင်းထားခြင်းတို့မှ လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပိုင်ရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်လှိုင်ထူး [၁၂/အလန(နိုင်)၀၃၉၇၂၃]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအ၀ယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းစာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ထက်ထက်လှိုင်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာ၀င်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)
အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-778434507, 09-772766716

ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာ ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရ်မင်းသား၏ ကောင်းမှုတော် မြစေတီဘုရားကြီး၏ ရွှေမိုက်နှင့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းအတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာရှိ မြစေတီမြတ်စွာဘုရားကြီး၏ အောက်ဖောင်းရစ် (၇)ဖောင်းနှင့် ဘုရားကြီး၏ သပိတ်မှောက်ခါးဖောင်း(၃)ဖောင်း ခေါင်းလောင်းတော် အောက်ပိုင်းအထိ ရွှေမိုက်ထုတ်လုပ်ရန်းနှင့် ရွှေသင်္ကန်း ကပ်လှူခြင်းလုပ်ငန်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပါသည်။

ရွှေချလုပ်ငန်းအတွက် ချိပ်ပိတ်တင်ဒါတင်သွင်းလိုသူများသည် ၉" x ၉" ကြေးပြားတစ်ချပ်ကို နမူနာရွှေချ၍ တင်သွင်းလိုသည့် စျေးနှုန်းနှင့် အတူ တင်သွင်းကြပါရန်။

လျှောက်ထားလိုသူများသည် လျှောက်လွှာများကို (၁၃စင၃ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်) ၁၈-၁၁-၂၀၂၂ ရက်မှစတင်၍ (၁၃စင၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်)၊ ၉-၁၂-၂၀၂၂ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးလျှောက်ထားကြရန်နှင့် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက် နံနက်(၉:၀၀)နာရီတွင် လျှောက်လွှာများပိတ်သိမ်း၍ (၁၁:၀၀)နာရီတွင် တင်ဒါဖွင့်ဖောက်ကြော်ငြာမည်ဖြစ်ပါသည်။ လျှောက်လွှာများကို ဂေါပကရုံးသို့ကိုယ်တိုင်လာရောက် ဝယ်ယူရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

မြစေတီဘုရား ဂေါပကအဖွဲ့
ဖုန်း-၀၆၁-၂၄၆၅၂၁၇
ဖုန်း-၀၉-၇၅၀၇၁၉၇၉၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်နီးကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဧရယျသုခလမ်း၊ အမှတ်(၁၄၈)တွင်တည်ဆောက်ထားသော နှစ်ခန်းတွဲ(၅)ထပ်တိုက်၏ ခေါင်းရင်းခြမ်းရှိ(မှန်ခန်း)၊ အကျယ်အဝန်း (၁၅x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အပါအ၀င် မြေပိုင်ဆိုင်မှုစာရွက်စာတမ်းအားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မေ၀တ်ရည်[၁၂/အလန(နိုင်)၀၁၈၉၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်မြေပိုင်ဆိုင်မှုအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအ၀ယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက် စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စီဆိုင်းတောင်(LL.B, DBL, DIL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၀)
အမှတ်-၈၃/၁၂ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၃၀၃၆၃၊ ၀၉-၇၈၄၉၀၉၀၆၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်နီးကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဧရယျသုခလမ်း၊ အမှတ်(၁၄၈)တွင်တည်ဆောက်ထားသော နှစ်ခန်းတွဲ(၅)ထပ်တိုက်၏ ခေါင်းရင်းခြမ်းရှိ(မှန်ခန်း)၊ အကျယ်အဝန်း (၁၈x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အပါအ၀င် မြေပိုင်ဆိုင်မှုစာရွက်စာတမ်းအားလုံးတို့ကို မြေရှင် ဒေါ်ခင်သန်းဝင်း[၁၂/ဥကတ(နိုင်)၀၅၄၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန် ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်မြေပိုင်ဆိုင်မှုအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအ၀ယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက် စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စီဆိုင်းတောင်(LL.B, DBL, DIL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၀)
အမှတ်-၈၃/၁၂ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၃၀၃၆၃၊ ၀၉-၇၈၄၉၀၉၀၆၈



သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုးသစ်ပင်ကို နှစ်စဉ်စိုက်ရှေ့တိုက်ကို စိုး

ကန့်ကွက်နှိုင်းကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊လိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(သကတ-၁)၊ စိန်ပန်းမြိုင်လမ်း၊(၀.၀၂၇)ကေရှိမြေကွက်အမှတ်(၂၈၆/က)၊(၀.၀၂၇၅)ကေရှိမြေကွက်အမှတ်(၂၈၇/က)၊(၀.၀၂၇၅)ကေရှိမြေကွက်အမှတ်(၂၈၇/ခ)ဟုခေါ်တွင်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်(၃)ကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကိုတရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်ရှိအပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူဒေါ်အေးမိမိဇင် ၇/ပန(နိုင်)၀၁၆၁၃၃ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါရှိကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့ မိတ်ဆွေ၏လွှဲအပ်ချက်အရ-

ဒေါ်မေချောစိုးဦး	ဒေါ်မေရည်စိုးဦး	ဒေါ်မေဇွန်စိုးဦး
LL.B,D.B.L	LL.B,D.B.L	LL.B,D.B.L,D.I.R
(စဉ်-၇၇၅၇)	(စဉ်-၈၁၁၂)	(စဉ်-၁၃၂၃၅)

တ ရား လွှတ် တော် ရှေ့ နေ များ (PYT LAW FIRM)
ခြံအမှတ်(၅၀၇/အေ)၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၉-၅၀၅၅၇၇၁၄ ၊၀၉၉၅-၅၀၅၅၇၇၁၄

ကန့်ကွက်နှိုင်းကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊လိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(သကတ-၁)၊ စိန်ပန်းမြိုင်လမ်း၊(၀.၀၂၇၅)ကေရှိမြေကွက်အမှတ်(၂၈၈/က)နှင့်(၀.၀၂၇၅)ကေရှိမြေကွက်အမှတ်(၂၈၈/ခ)ဟုခေါ်တွင်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်(၂)ကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကိုတရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်ရှိအပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူဦးစိုးနိုင်၁၂/ကတတ(နိုင်)၀၀၁၅၂၈ ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါရှိကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့ မိတ်ဆွေ၏လွှဲအပ်ချက်အရ-

ဒေါ်မေချောစိုးဦး	ဒေါ်မေရည်စိုးဦး	ဒေါ်မေဇွန်စိုးဦး
LL.B,D.B.L	LL.B,D.B.L	LL.B,D.B.L,D.I.R
(စဉ်-၇၇၅၇)	(စဉ်-၈၁၁၂)	(စဉ်-၁၃၂၃၅)

တ ရား လွှတ် တော် ရှေ့ နေ များ (PYT LAW FIRM)
ခြံအမှတ်(၅၀၇/အေ)၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၉-၅၀၅၅၇၇၁၄ ၊၀၉၉၅-၅၀၅၅၇၇၁၄

ကန့်ကွက်နှိုင်းကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(၃၆)၊တပင်ရွေထီးလမ်း၊မြေကွက်အမှတ်(၂၅၀)ဟုခေါ်တွင်သည့်(၀.၀၅၅)ကေအကျယ်ရှိဒေါ်သန်းသန်းနွယ်အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ပြီးအပြီးအပိုင်လွှဲပြောင်းဝန်ခံကတိပြုသူဦးလှသိန်း(ခ)ဝေါင်လောရှင်၁၂/လမတ(နိုင်)၀၃၁၅၀ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့ မိတ်ဆွေ၏လွှဲအပ်ချက်အရ-

ဒေါ်မေချောစိုးဦး	ဒေါ်မေရည်စိုးဦး	ဒေါ်မေဇွန်စိုးဦး
LL.B,D.B.L	LL.B,D.B.L	LL.B,D.B.L,D.I.R
(စဉ်-၇၇၅၇)	(စဉ်-၈၁၁၂)	(စဉ်-၁၃၂၃၅)

တ ရား လွှတ် တော် ရှေ့ နေ များ (PYT LAW FIRM)
ခြံအမှတ်(၅၀၇/အေ)၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၉-၅၀၅၅၇၇၁၄ ၊၀၉၉၅-၅၀၅၅၇၇၁၄

ကန့်ကွက်နှိုင်းကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ရတနာပုံ(၁)လမ်း၊မြေကွက်အမှတ်(၁၂၁၀/က)၊(၀.၀၂၇)ကေအကျယ်ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်မြေအမည်ပေါက်ရှိ၍လက်ဝယ်ထားပိုင်ဆိုင်ပြီးအပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူဒေါ်အေးမြင့်၁၂/သကတ(နိုင်)၀၂၃၃၀ ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့ မိတ်ဆွေ၏လွှဲအပ်ချက်အရ-

ဒေါ်မေချောစိုးဦး	ဒေါ်မေရည်စိုးဦး	ဒေါ်မေဇွန်စိုးဦး
LL.B,D.B.L	LL.B,D.B.L	LL.B,D.B.L,D.I.R
(စဉ်-၇၇၅၇)	(စဉ်-၈၁၁၂)	(စဉ်-၁၃၂၃၅)

တ ရား လွှတ် တော် ရှေ့ နေ များ (PYT LAW FIRM)
ခြံအမှတ်(၅၀၇/အေ)၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၉-၅၀၅၅၇၇၁၄ ၊၀၉၉၅-၅၀၅၅၇၇၁၄

ကန့်ကွက်နှိုင်းကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊လိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(သကတ-၁)၊ စိန်ပန်းမြိုင်လမ်း၊(၀.၀၂၇၅)ကေရှိမြေကွက်အမှတ်(၂၈၈/က)နှင့်(၀.၀၂၇၅)ကေရှိမြေကွက်အမှတ်(၂၈၈/ခ)ဟုခေါ်တွင်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်(၂)ကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကိုတရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်ရှိအပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူဦးစိုးနိုင်၁၂/ကတတ(နိုင်)၀၀၁၅၂၈ ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့ မိတ်ဆွေ၏လွှဲအပ်ချက်အရ-

ဒေါ်မေချောစိုးဦး	ဒေါ်မေရည်စိုးဦး	ဒေါ်မေဇွန်စိုးဦး
LL.B,D.B.L	LL.B,D.B.L	LL.B,D.B.L,D.I.R
(စဉ်-၇၇၅၇)	(စဉ်-၈၁၁၂)	(စဉ်-၁၃၂၃၅)

တ ရား လွှတ် တော် ရှေ့ နေ များ (PYT LAW FIRM)
ခြံအမှတ်(၅၀၇/အေ)၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၉-၅၀၅၅၇၇၁၄ ၊၀၉၉၅-၅၀၅၅၇၇၁၄

ဆံတော်ရှင် ဆူးလေစေတီတော်

ရွှေထီးတော်၊ စေတီတော်လုံးတော်ပြည့်နှင့် အရံစေတီတော်များ
ရွှေစင် ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေးတွင်

ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်လွှာ

ရန်ကုန်မြို့ ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် အရံစေတီတော်များကို ရွှေစင် ရွှေပြား၊ မျက်ပါး ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းလုပ်ငန်းအား ၁၃၈၄ - ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင် ကုသိုလ်တော်ရှင်များသည်မိမိသဒ္ဓါတတ်အား ရှိသရွေ့ကြဲ၊တောင့်ကြဲ၊ခဲရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကြီးတွင် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက စေတီတော်ဂေါပကအဖွဲ့ ဖုန်း - ၀၁ - ၈၃၇၁၀၀၇၊ ၈၃၇၁၀၀၉၊ ၈၃၇၁၅၅၆၊ ၈၃၇၁၅၅၇၊ ၈၃၇၁၅၅၈၊ ၀၉ - ၉၇၅၃၂၂၉၂၀၊ ၀၉ - ၄၅၀၀၁၂၉၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့.

ဆံတော်ရှင် ဆူးလေစေတီတော်

မျက်ပါးရွှေဆိုင်းဝယ်ယူရန် ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့ ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး၏ (၁၂)ကြိမ်မြောက် ရွှေထီးတော်၊ ကိုယ်လုံးတော်နှင့် အရံစေတီတော်များအား မျက်ပါး ရွှေသင်္ကန်းများ ပြန်လည်ကပ်လှူပူဇော်ရန်အတွက် မျက်ပါးရွှေဆိုင်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် ရွှေဆိုင်း တင်သွင်းလိုသူများသည် အဆိုပြုလွှာပုံစံများကို (၂၃-၁၁-၂၀၂၂)ရက်နေ့ နံနက်(၉း၃၀)နာရီမှစ၍ (၆-၁၂-၂၀၂၂) ရက်နေ့ ညနေ(၄း၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။ အဆိုပြုလွှာ ပုံစံများကို (၁)စောင်လျှင် ကျပ်(၂၀၀၀၀/-)(ကျပ်နှစ်သောင်းတိတိ)ဖြင့် ဆူးလေစေတီတော် ဂေါပကအဖွဲ့.ရုံး၊ စီမံရေးရာဌာနတွင် လာရောက်တင်သွင်းရန်ဖြစ်သည်။ **ဆက်သွယ်ရန် တယ်လီဖုန်း** -၀၁-၈၃၇၁၀၀၇၊ ၈၃၇၁၀၀၉၊ ၈၃၇၁၅၅၆၊ ၈၃၇၁၅၅၇၊ ၈၃၇၁၅၅၈၊ ၀၉-၉၇၅၃၂၂၉၂၀၊ ၀၉-၄၅၀၀၁၂၉၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆံတော်ရှင် ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့.

မော်သာထွေး (မန္တလေး)

Save the Drop, Save the World



ဖြန့်ချိရေး
- ရွှေမင်းသားစာပေ
မြို့မစျေး၊ နေပြည်တော်
ဖုန်း-၀၉-၄၃၁၂၀၇၈၃

အရောက်ပို့
- ရွှေမင်းသား
ဖုန်း-၀၉-၄၃၁၂၀၇၈၃

စာမျက်နှာ ၂၇၀ ကျော်၊ ကြီးချုပ် ဝူဖရီး ၇၀ ဂရမ် ၊ ကာလာပုံ ၉၀ ကျော် အရွယ် ၁၀. ၅ " × ၇. ၅ " အဆင့်မြင့် အရည်အသွေးဖြင့်

ထွက်ပြီ

ရောင်းစျေး ၁၅၀၀၀

မှာယူနိုင်သောစာအုပ်များ

- စနစ်မတူသော နိုင်ငံများနှင့် မြန်မာ
- စွမ်းအင်နဲ့လျှပ်စစ်ကို ကမ္ဘာကြည့် ကြည့်မယ် (၂၀၁၉ ခုနှစ် ထွန်းဖောင်ဒေးရှင်းဆုရ)
- Global Perspective Views on Energy & Electricity (၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုရ)
- ရေချိုကိုတန်ဘိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်
- Save the Drop , Save the World

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကာလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄)၊ မြေကွက်အမှတ်-(၃၁၆)၊ စကားဝါ(၂)လမ်း၊ ဧရိယာ-(၁၅'x ၅၀')အကျယ်ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချိုင်ခွင့်ရှိသူ ဒေါ်အေးသန်း[၁၄/မအန(နိုင်)၀၀၇၈၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သိဂီအောင် LL.B, Dip in Business Law
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၀၄)
အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၆၄၂၈

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ခင်လှမြင့်[၁၂/သကတ(နိုင်)၀၉၉၈၆၇]၏ သားဖြစ်သူ မောင်ချစ်မင်းဦး[၁၂/သကတ(နိုင်)၂၂၀၄၃၃၃] သည် မိခင် ဖြစ်သူ၏ဆုံးမစကားကို နားမထောင်ပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်သည်။ မောင်ချစ်မင်းဦးနှင့် ပတ်သက်သော ကိစ္စများအား လုံးဝတာဝန်မယူပါ။

မိခင်-ဒေါ်ခင်လှမြင့်

ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ကျွန်တော် စောအောင်ကိုကိုဝင်း [၁၄/မအပ(နိုင်)၂၁၇၅၁]၏ ပတ်စ်ပို့နံပါတ် မမှတ်မိမှာ ပျောက် ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၇၅၈၅၅၁၇၉

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်
ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏
တိသာတည်းခိုဆောင်အားအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ။ ၂၁-၁၀-၂၀၂၂

၁။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၊ ရင်ပြင်တော်စခန်းရှိ တိသာတည်းခိုဆောင်အား ငှားရမ်းမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်မည်သူမဆို အိတ်ဖွင့်တင်ဒါ (Open Tender)လျှောက်လွှာတင်သွင်းနိုင်ကြောင်း ဒုတိယအကြိမ်ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက် - ၁၅-၁၁-၂၀၂၂ ရက်
(ခ) တင်ဒါပုံစံစတင်ရယူနိုင်သည့်နေရာ - ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ရုံး၊ကင်မွန်းစခန်း(ရုံးချိန်အတွင်း)
(ဂ) တင်ဒါလျှောက်လွှာကြေး - ၅၀၀၀၀/-
(ဃ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် နှင့်အချိန် - ၂၈-၁၁-၂၀၂၂ ရက်(တနလင်္ဂနေ့) (၁၆:၀၀)နာရီ
(င) တင်ဒါဖွင့်ဖောက်မည့်နေ့ရက်နှင့်အချိန် - ၁-၁၂-၂၀၂၂ ရက် (ကြာသပတေးနေ့) (၁၀:၀၀)နာရီ
(စ) တင်ဒါဖွင့်ဖောက်မည့်နေရာ - မြို့နယ်ခန်းမ၊ ကျိုက်ထိုမြို့

